မြေကြမ်း The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့၊ (23-3-2006)(၄၉၀၈)

နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်

တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုပိုင်နက်နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုး စီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်းပွဲ မိန့်ခွန်းမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၆ ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ် မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေးမြို့ မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေကာနံရံ တည်ဆောက်ပြီးစီးမှု၊ ပင်မတမံ RCC ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆေးဝါးလုပ်ငန်းစက်ရုံများကြည့်ရှု ရေလျှောင်တမံစီမံကိန်းများ ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြီးစီးရေး မှာကြား

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မန္တလေးတိုင်းအတွင်းရှိ စက်ရုံများနှင့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မတ် ၁၉ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)သို့ ရောက်ရှိကြပြီး ဆေးမှုန့်အခြောက်လှန်းစက်၊ ဆေးမှုန့်ရောမွှေစက်များ၊ ဆေးပြားနှင့် ဆေးတောင့်ထုတ်စက်များ၊ ထုပ်ပိုးခန်းနှင့် အရည်အသွေး စမ်းသပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ရှင်းလင်းခန်းမ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်) တည်ဆောက်ရသည့် ရည်ရွယ်ချက်များ၊ စက်ရုံကထုတ်လုပ်သွားမည့် ဆေးဝါးများနှင့် ထုတ်လုပ်နေမှုများ၊ ဆေးဝါးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စီမံကိန်းအဆင့်အလိုက် တည်ဆောက်ပြီးစီးပါက

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၃-၂၀၀၆
(ကြာသပတေးနေ့)

သုံးစွဲသူအကြိုက် ပစ္စည်းများထုတ်လုပ်

အရည်အသွေးကောင်းမွန်ရေး အလေးထားကြိုးပမ်း

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။ ထို့ကြောင့် နိုင်ငံတော်က စက်မှုနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရန် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် အစီအမံများကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံပိုင်စက်မှုလုပ်ငန်းများ သာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုး တိုးတက်လာစေရန်လည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတစ်ဝန်း သွင်းကုန်အစားထိုးစက်ရုံ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိသည့်နည်းတူ စက်မှုလုပ်ငန်းကြီးများ၏ နည်းပညာနှင့် ထုတ်လုပ်မှုများ အဆင့်မြင့်မားလာစေရန်လည်း တီထွင်ကြံဆ လုပ်ကိုင်လျက်ရှိသည်။

ခေတ်မီစက်မှုနိုင်ငံအဖြစ် အကောင်အထည်ဖော်လျက်ရှိရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနက လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ထူထောင်လျက်ရှိရာ ခေတ်မီစက်မှုလုပ်ငန်းအများအပြား ပေါ်ထွက်လာနေသည်ကို တွေ့ရသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ဖွင့်ပွဲ အခမ်းအနားကို မတ်လ ၂၀ ရက်နေ့က အဆိုပါ စက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ စက်ရုံဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **ဤခေတ်မီစက်ရုံကို နိုင်ငံတော်၏ အစီအမံဘောင်အတွင်းမှနေ၍ ဝန်ကြီးဌာနက တည်ဆောက်ပြီးဖြစ်ရာ စက်ရုံဝန်ထမ်း အဆင့်အားလုံးက သုံးစွဲသူကြိုက်နှစ်သက်သည့် အရည်အသွေးရှိသော ပစ္စည်းများထုတ်လုပ်ရေး၊ ကုန်ကျစရိတ် လျှော့နည်း ကျဆင်းရေး၊ အလေအလွင့် ထိန်းသိမ်းရေး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမျှတရေး၊ စက်ရုံရေရှည်တည်တံ့ရေးတို့ကို တာဝန်သိသိ အလေးထား အကောင်အထည်ဖော်သွားရန် လိုကြောင်း** မှာကြားသွားသည်။

ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး၌ တည်ဆောက် ဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ ပြည်သူများအတွက် ခေတ်မီအိမ်သုံးကြွေထည်နှင့် စတီးလ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် ပြည်သူအများသုံးစွဲနေသည့် စတီးလ်အိမ်သုံးပစ္စည်းများ ပြည်ပမှ တင်သွင်းနေရမှုကိုလည်း အစားထိုးနိုင်တော့မည်ဖြစ်သည်။

ယခုအခါ မန္တလေးတိုင်းကို အခြေပြု၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလျက်ရှိသည့်အပြင် စက်မှုလုပ်ငန်းအသစ်များလည်း ပေါ်ထွန်းနေပြီဖြစ်သည်။ ယခုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် အကျိုးပြုလျက်ရှိသည့် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံအလုပ်ရုံများ လက်ညှိုးထိုးမလွဲ ပေါ်ပေါက်လျက်ရှိသည်မှာ နိုင်ငံတော်၏ စီမံလမ်းညွှန်ပေးနိုင်မှုနှင့်အတူ ဌာနဆိုင်ရာများနှင့် ပြည်သူများ၏ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုတို့ကြောင့်ဖြစ်သည်။

ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံ(မင်းစု)တွင် တစ်ရက်လျှင် အဆိုင်းသုံးဆိုင်းစနစ်ဖြင့် ကြွေရည်စိမ်ပစ္စည်း ၃၂ မျိုးနှင့် စတီးလ် အိမ်သုံးပစ္စည်း ၄၁ မျိုး ထုတ်လုပ်သွားမည်ဟု သိရသည်။

အဆိုပါ စက်ရုံဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာပြီး ခေတ်မီစက်ကိရိယာများ အသုံးပြုသည့်နည်းပညာများလည်း ပိုမိုအသုံးပြုသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေး၊ ခေတ်မီအိမ်သုံးပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပမှသွင်းကုန်အစားထိုး နိုင်ရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများစွာကို ရင်းနှီးထူထောင်ပေးလျက်ရှိသည်နှင့်အညီ တာဝန်ရှိသူများနှင့် စက်ရုံဝန်ထမ်း များအားလုံးက သုံးစွဲသူအကြိုက် ပစ္စည်းများ ထုတ်လုပ်ကြရန်နှင့် ပစ္စည်းများအရည်အသွေးကောင်းမွန်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

ပုဇွန်တောင်မြို့နယ် (၅)ရပ်ကွက် အောက်ပုဇွန်တောင် ကြာညိုလမ်းနေ ဦးစိုးသန်း-ဒေါ်လေးကြည်နှင့် သမီးများက ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သိန်း ၂၀ ကို တိပိဋကရေ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆)
(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)

ပါကစ္စတန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၆ ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မီရန်ကူရှစ်မာမွတ် ကာစူရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မတ် ၁၈ရက် နံနက် ၁၀နာရီတွင် လားရှိုးမြို့ရှိ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သန့်စင်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဌာနမှူးများနှင့် လုပ်ငန်းအဖွဲ့တာဝန်ခံများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့နာယကက ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များက တတ်နိုင်သည့် ဘက်မှ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန်၊ အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆိုင်ရာလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာ ချထားရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများ၊ အမျိုးသား ကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများ၊မူးယစ်ဆေးဝါးသုံးစွဲခြင်း အန္တရာယ်မှ ကင်းဝေးစေရန် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်တို့ကို ပြောကြားပြီး အမျိုးသမီးများ ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများတွင် ဆက်စပ်သော ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

(သတင်းစဉ်)

ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သောဂေါက်ရိုက်ပြိုင်ပွဲ အစီအစဉ်အရ တပေါင်းလဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာအသင်းဝင်ဆရာဝန်များဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၂-၃-၂၀၀၆)

မကွေးနှင့် အောင်လံ
၄၁ ဒီဂရီ စင်တီဂရိတ်
(၁၀၆ ဒီဂရီ ဖာရင်ဟိုက်)

'လူ့အခွင့်အရေး' သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၄)

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံ၁၉၀ကျော် ၂၀၀နီးပါး၏ လူ့အခွင့်အရေး ချိုးဖောက်မှုမှတ်တမ်းဆိုသည်ကို ၁၉၇၇ခုနှစ်မှစ၍ နှစ်စဉ် ထုတ်ပြန်ခဲ့သည်။ ဒီမိုကရက်တစ်ပါတီဝင် သမ္မတ ဂျင်မီကာတာလက်ထက်တွင် လူ့အခွင့်အရေးစွပ်စွဲချက်ကို စစ်အေးတိုက်ပွဲ လက်နက်အဖြစ် သုံးခဲ့ခြင်းဖြစ်သည်။ ဂျင်မီကာတာသည် ရီပတ်ဘလီကန်ပါတီဝင် ထိုစဉ်က သမ္မတဖြစ်သူ ဂျရယ်ဖို့ဒ်နှင့် ယှဉ်ပြိုင်ပြီး ၁၉၇၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သို့သော် ဂျင်မီကာတာ၏ ရှေ့ကသမ္မတ ရစ်ချဒ်နစ်ဆင်နှင့် ဂျရယ်ဖို့ဒ်တို့လက်ထက် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာက ၎င်း၏လက်အောက်ရှိ နိုင်ငံစုံရောက် အမေရိကန် သံတမန်များကို နှစ်စဉ်ထိုနိုင်ငံများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ အစီရင်ခံ စေခဲ့သည်။ သမ္မတကာတာလက်ထက် နိုင်ငံခြားရေးဝန်ကြီး တာဝန်ယူရသည့် ဆိုင်းရပ်စ်ဗန့်စ်၊ အက်ဒမွန်မတ်စကီးတို့က ကစ်ဆင်ဂျာ လမ်းကြောင်းပေါ် ဆက်လျှောက်ခဲ့ကြခြင်း ဖြစ်သည်။ နောက်ပိုင်း သမ္မတ ရော်နယ်ရီဂင်၊ စီနီယာဘုရ်ှဟု လူသိများသော ဂျော့ဘုရ်ှ၊ ဘီလ်ကလင်တန်၊ လက်ရှိသမ္မတ ဂျော့ဒဗလျူဘုရ်ှတို့ လက်ထက်တိုင် သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးများဖြစ်သည့် အလက်ဇန္ဒားဟိတ်၊ ဂျော့ရှုလ်တ်၊ ဂျိမ်းစ်ဘေကာ၊ လောရင့်စ်အီဂဲတာဂါ၊ ဝါရင်းခရစ္စတိုဖာ၊ မယ်ဒလင်းအော့ဘ်ရိုက်၊ ကော်လင်းပါဝယ်လ်၊ ကွန်ဒိုလီဇာရိုက်စ်တို့ကလည်း အလားတူ နှစ်စဉ်နိုင်ငံ၂၀၀ နီးပါး အပေါ် လူ့အခွင့်အရေးအစီရင်ခံစာများဖြင့် ရန်စနေခဲ့ကြရသည်။

ယခုနှစ် မတ်လ၆ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၅ခုနှစ် လူ့အခွင့်အရေးအစီရင်ခံစာကို ထုတ်ပြန်ပြီး အမေရိကန်ကွန်ဂရက် အမတ်များ၏ စဉ်းတီတုံးပေါ်တွင် တင်ပေးလိုက်ပြန်သည်။ အစွပ်စွဲခံနိုင်ငံက ၂၀၀နီးပါးရှိရာ ကမ္ဘာ့နိုင်ငံကုန်သလောက်ရှိသွားသည်။ အမေရိကန်ကလွဲလျှင် အားလုံး လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု ဆိုလိုက်ခြင်းဖြစ်ပေသည်။ အမတ်များကလည်း မမှန်ကန်သော အဆိုပါ အစီရင်ခံစာကို ဟိတ်ဟန်အပြည့်ဖြင့် ဖတ်ရှုသုံးသပ်ကြသည်။

ရုရှား၊ တရုတ်၊ အီရန်၊ ဗင်နီဇွဲလား၊ ကျူးဘား စသည့် နိုင်ငံများက အခြေအမြစ်လုံးဝမရှိ၊ လုံးဝမမှန်ကန်၊ လုပ်ကြံလီဆယ်ထားသော ကလိန်ကကျစ် အစီရင်ခံစာအဖြစ် ပယ်ချကြသည့် သတင်းများကို နိုင်ငံတကာမီဒီယာများ၌ တွေ့ရပေသည်။ တရုတ်နိုင်ငံက အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာကို နှစ်စဉ် ပြင်းထန်စွာ တုံ့ပြန်ပယ်ချခဲ့သည်။ တရုတ်အစိုးရ (နိုင်ငံတော်ကောင်စီ)က တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးကြိုးပမ်းမှု၊ အမေရိကန်ပြည်ထောင်စု ကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ထုတ်ပြန်ချေပခဲ့သည်ကို တွေ့ရသည်။ မည်သည့်နိုင်ငံကမျှ အမေရိကန်တို့ စွပ်စွဲမှုကို ခေါင်းငုံ့မခံကြပေ။ မဟုတ်မမှန် လုပ်ကြံမှုကို တုံ့ပြန်ချေဖျက်ကြစမြဲဖြစ်သည်။

ယခင်က အမေရိကန်၏ ယင်းအစီရင်ခံစာကို ရက်သတ္တတစ်ပတ်ကြာမှ တရုတ်အစိုးရက တုံ့ပြန်လေ့ရှိသည်။ ယခုနှစ်တွင်မူ အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာကို ၂၄နာရီအတွင်း ခြေခြေ မြစ်မြစ် တုံ့ပြန်ခဲ့သည်။ တရုတ်နိုင်ငံတော်ကောင်စီ၏ ထုတ်ပြန်ချက်တွင် **အမေရိကန် ဒီမိုကရေစီဟူသည် လူချမ်းသာများ၏ ကစားပွဲ တစ်ပွဲသာဖြစ်သည်။ ပြည်တွင်း၌ လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှုများ မြင့်တက်နေသော အမေရိကန်၊ အသားအရောင်နှင့် လူမျိုးခွဲခြားမှု ကြီးထွားနေသောအမေရိကန်၊ အီရတ်မှ အဘူဂါရိတ်အကျဉ်းထောင်၊ ကျူးဘားကျွန်းအစွန်ရှိ အမေရိကန်ရေတပ်၏ ဂွမ်တာနာမိုအကျဉ်းစခန်း၊ အာဖဂန်အကျဉ်းစခန်း၊ ဥရောပရှိ အမေရိကန် စီအိုင်အေ အကျဉ်းစခန်းများ၌ အကြမ်းဖက်မှုဖြင့် မသင်္ကာရသူဆိုသည့် အကျဉ်းသားများကို ရက်စက်ကြမ်းကြုတ်လူမဆန်စွာ ညှဉ်းပန်း နှိပ်စက်နေသော အမေရိကန်၊ မိမိနိုင်ငံသားများ၏ တယ်လီဖုန်း ဆက်သွယ်မှုများကို ကြားဖြတ်နားထောင်ထောက်လှမ်းနေသော အမေရိကန်၊ ထိုအမေရိကန်က အခြားနိုင်ငံများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် စွပ်စွဲနေခြင်းမှာ သူခိုးက လူလူဟစ်သည့်နှယ် ဖြစ်နေသည်** ဟု ချေပထားသည်။

တက္ကသိုလ်မြတ်သူ

၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးက စာမျက်နှာ ၁၈၃မျက်နှာပါသော တရုတ်လူ့အခွင့်အရေး အခြေအနေအကြောင်း စာအုပ်ထုတ်ဝေခဲ့သည်။ အခန်း(၁)တွင် အသက်ရှင် ရပ်တည်ခွင့်သည် တရုတ်ပြည်သူတို့ ရေရှည်တိုက်ယူလာခဲ့ကြသော ပထမအရေးကြီး လူ့အခွင့်အရေးဖြစ်ကြောင်း သမိုင်းချီပြီး တင်ပြထားသည်။ ၁၈၄၀ ပြည့်နှစ် ဘိန်းစစ်ပွဲပြီးသည့်နောက် တရုတ်ပြည်သည် ပဒေသရာဇ်တစ်ပိုင်းနိုင်ငံအဖြစ်သို့ တစ်စတစ်စ ကျရောက်လာခဲ့ရကြောင်း၊ ၁၈၄၀ပြည့်နှစ်မှ ၁၉၄၉ခုနှစ် (တရုတ်ပြည်လွတ်မြောက်သည်) အထိ နှစ်ပေါင်း၁၁၀ကာလအတွင်း နယ်ချဲ့အင်အားကြီးနိုင်ငံများက တရုတ်ပြည်အပေါ် ကျူးကျော်ရေး စစ်ပွဲကြီးငယ်ပေါင်း အကြိမ်ပေါင်း ရာနှင့်ချီပြီး ရှေ့ဆင့်နောက်ဆင့် တိုက်ခိုက်ခဲ့ကြရာ တရုတ်ပြည်သူတို့ အသက်အိုးအိမ်စည်းစိမ် တန်ဖိုးသင့်၍ မရလောက်အောင် ပျက်စီး ဆုံးရှုံးခဲ့ကြကြောင်း၊ ၁၉၀၀ပြည့်နှစ်တွင် ရှစ်နိုင်ငံမဟာမိတ်တပ်များသည် မီးရှို့၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်ကြပြီး လူဦးရေ ၅၀၀၀၀ကျော်ရှိ ထန်ကူမြို့ကို လူသူကင်းမဲ့သည့် ပြာပုံအတိ ဖြစ်စေခဲ့ကြောင်း၊ လူဦးရေတစ်သန်းရှိသည့် ထင်ကျုံးမြို့ကို လူတစ်သိန်းသာ ကျန်သည်အထိ သတ်ဖြတ်ခဲ့ကြကြောင်း၊ ကျွမ်းဝမ်ဖုတစ်နေရာတည်းတွင် အသတ်ခံရသူ၁၇၀၀ကျော် ရှိခဲ့ကြောင်း။

၁၉ရာစုအလယ်ပိုင်းမှ ၂၀ရာစု၏ နှစ်ပေါင်း ၂၀ခန့်အတွင်း တရုတ်လူမျိုး ၁၂သန်းခန့်ကို ပြည်ပသို့ခေါ်ထုတ်ရောင်းစားခြင်း ခံခဲ့ရကြောင်း၊ စန်းထိုတွင် တရုတ်လုပ်သား ၈၀၀၀ကျော်ကို ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြောင်း၊ အရှေ့မြောက်ပိုင်း ဒေသတစ်ခုတည်းတွင် အလုပ်သမားပေါင်း နှစ်သန်းထက်မနည်း ညှဉ်းပန်းခံရ၍ သေဆုံးပြီးနောက် အလောင်းများကို လျှိုမြောင်ချောက်ကြားတို့၌ အစုအပြုံလိုက် စွန့်ပစ်ခဲ့ကြောင်း၊ ၁၉၄၆ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ပေပင်း(ယခု ပေကျင်း ခေါ် ပီကင်း) တက္ကသိုလ်ကျောင်းသူ စင်းချုံအား အမေရိကန်စစ်သား ပီယာဆင်က မုဒိမ်းကျင့်ခဲ့ပြီး အမေရိကန်နယ်ချဲ့တို့က ပီယာဆင်တွင် အပြစ်မရှိဟု တစ်ဖက်သတ်စီရင်ဆုံးဖြတ်ခဲ့ကြောင်း။

၁၈၈၅ခုနှစ်တွင် တိုင်းတစ်ပါးကျူးကျော်ရေးသမားတို့က ရှန်ဟိုင်းမြို့ ပြင်သစ်အငှားနယ်မြေပန်းခြံအဝ၌ "တရုတ်လူမျိုး မဝင်ရ"ဟု ဆိုင်းဘုတ်ချိတ်ဆွဲ စော်ကားခဲ့ကြောင်း၊ နယ်ချဲ့သမားတို့သည် တရုတ်ပြည်အား စာချုပ်ပေါင်း ၁၁၀၀ကျော် အဓမ္မချုပ်ဆိုစေကာ တရုတ်နိုင်ငံ၏ ဥစ္စာခေမျာ အဓမ္မထုတ်ယူသွားခဲ့ကြကြောင်း၊ လျော်ကြေးငွေများ မတရားတောင်းယူကြကြောင်း၊ တရုတ်ပြည်ဟောင်းတွင် နှစ်စဉ်ပြည်သူသောင်းသိန်းချီပြီး ငတ်ပြတ်သေဆုံးခဲ့ရကြောင်း၊ ၁၉၃၁ခုနှစ်တွင် တရုတ်ပြည်အရှေ့ပိုင်း၌ ရေဘေးကြောင့် လူ၃၇သိန်းကျော် သေခဲ့ရကြောင်း၊ ၁၉၄၃ခုနှစ်တွင် ဟီနန်ပြည်နယ်၌ပင် ငတ်သေသူ သုံးသန်းရှိပြီး ၁၅သန်းတို့မှာ မြက်အမြစ်များ၊ သစ်ခေါက်များဝါး၍ အသက်ရှင်ခဲ့ရကြောင်း၊ ၁၉၄၆ ခုနှစ်တွင် ပြည်သူ၁၀သန်း ငတ်သေခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ်တွင် ငတ်မွတ်သောဒုက္ခသည် သန်း၁၀၀ကျော်ရှိခဲ့ရာ ထိုစဉ်က လူဦးရေ၏ ၂၂ရာခိုင်နှုန်းဖြစ်ကြောင်း။

၁၉၄၉ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီး ပြည်သူတို့ စားဝတ်နေရေးဖူလုံပြည့်ဝအောင် ကြိုးပမ်းခဲ့ရာ တိုးတက်အဆင်ပြေလာခဲ့ကြောင်း၊ ၁၉၇၉ခုနှစ်နောက်ပိုင်း တရုတ်ပြည်သည် စီးပွားရေးထူထောင်မှုကို အဓိကထား၍ တံခါးဖွင့်မူဝါဒကျင့်သုံးခဲ့ရာ ယနေ့ လူဦးရေ သန်း၁၃၀၀၏ စားဝတ်နေရေး အခြေခံများကို ဖြေရှင်းဖြည့်ဆည်းပေးနိုင်ကြောင်းဖြင့် ပြည်သူတို့အသက်ရှင်သန်နိုင်အောင် စားဝတ်နေရေးစသည့် အခြေခံလူ့အခွင့်အရေး တည်ဆောက်ရယူခဲ့ပုံကို ရှင်းလင်းဖော်ပြထားသည်။

ဒေါက်တာဆွန်ယက်ဆင်၏ ဦးဆောင်မှုဖြင့် ၁၉၁၁ခုနှစ် ပဒေသရာဇ်စနစ် ဖယ်ရှားကာ ဒီမိုကရေစီနိုင်ငံကို ဦးတည်ခဲ့သော်လည်း ပဒေသရာဇ်စစ်ဘုရင် ယွန်စစ်ခိုင်က အနိုင်အထက် အာဏာရယူ အုပ်စိုးသွားခဲ့ကြောင်း၊ ပါလီမန်သည် ထိုစဉ်က စစ်ဘုရင်၏ အာဏာယူရေးကိရိယာဖြစ်၍ "ဝက်များပါလီမန်" ဟုပင် သမုတ်ခံခဲ့ရကြောင်း၊ ဒေါက်တာဆွန်ယက်ဆင်ကိုယ်တိုင် ရည်ရွယ်ချက် မဖော်ဆောင်နိုင်ဘဲ မမာမကျန်းဖြစ်ပြီး ကွယ်လွန်ခဲ့ကြောင်း၊ ထို့နောက် အမေရိကန်၏ ထောက်ခံအားပေးမှုရရှိသော ချန်ကေရှိတ်တက်လာရာ နောက်တိုးစစ်ဘုရင်သာ ဖြစ်လာပြီး ဒီမိုကရေစီတိုက်ပွဲဝင် ပြည်သူသိန်းသန်းချီ၍ အသတ်ခံခဲ့ရကြောင်း၊ ၁၉၄၉ခုနှစ် တရုတ်ပြည်သစ် တည်ထောင်လိုက်ပြီး နောက်မှသာ ပြည်သူတစ်ရပ်လုံး စစ်မှန်သော ဒီမိုကရေစီ အခွင့်အရေးများ ခံစားနိုင်ကြကြောင်းဖြင့် အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာတွင် နေရာရလာပုံများကို ဆက်လက်ဖော်ပြထားသည်။

တရုတ်ပြည်က ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် တိုးတက်ဖြစ်ပေါ်ရေး ရည်ရွယ်ချက်များနှင့်မူများကို အသိအမှတ်ပြုပြီး လေးစားကြောင်း၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနယ်ပယ်မှ လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို အပြန်အလှန်လေးစားရန်၊ ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများ၏ အသက်ရှင် ရပ်တည်ခွင့်နှင့် ဖွံ့ဖြိုးခွင့်တို့ကို ဦးစားပေးထိန်းသိမ်း ကာကွယ်ရန်၊ ဤသို့ဖြင့် တစ်ကမ္ဘာလုံးရှိ ကျယ်ပြန့်သော ပြည်သူလူထုအား လူ့အခွင့်အရေးအရပ်ရပ် ခံစားရရှိရေးအတွက် လိုအပ်သော အခြေအနေ ဖန်တီးပေးရန် တိုက်တွန်းအားပေးကြောင်း၊ တရုတ်ပြည်သည် လူ့အခွင့်အရေး ပြဿနာကို အကြောင်းပြု၍

စာမျက်နှာ ၇ ကော်လံ ၃ သို့

ယခုအခါ ကမ္ဘာ့အနေအထား အသစ်နှင့် အဟောင်းတို့ အလဲအလှယ်ပြုလျက်ရှိကြရာ ကမ္ဘာသည် ပို၍ပင် လှုပ်လှုပ်ရွရွ၊ မတည်မငြိမ် ဖြစ်နေကြောင်း၊ ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် အာဏာနိုင်ငံရေးတို့သည် ဆက်လက်တည်ရှိနေပြီး ကမ္ဘာ၏ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုကို အန္တရာယ်ပြုမြဲပြုလျက်ရှိနေကြောင်း၊ လူ့အခွင့်အရေးကို အသုံးချလျက် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေး စွက်ဖက်ခြင်းနှင့် အာဏာနိုင်ငံရေး ကျင့်သုံးခြင်းသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ ရပ်လုံးပေါ်ရေးကို နှောင့်ယှက်ဟန့်တားလျက်ရှိကြောင်း၊

တရုတ်နိုင်ငံက ထုတ်လုပ်သော ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး ကမ္ဘာပေါ်တွင် အကောင်းဆုံးဟုဆို

ပေကျင်း မတ် ၂၁

တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးသည် ကမ္ဘာတွင် အကောင်းဆုံးဖြစ်ကြောင်း၊ ကျန်းမာသောကြက်ငှက်များတွင် ထိုဆေးသုံးစွဲခြင်းဖြင့် ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်နိုင်ကြောင်း တရုတ်စိုက်ပျိုးရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ မတ် ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ဖော်ပြထား

တရုတ်နိုင်ငံတွင် ၂၀၀၄ ခုနှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု အကြိမ် ၅၀ ရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် ထိုရောဂါဖြစ်ပွားမှု ၃၂ကြိမ်မျှသာရှိရာ ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းခဲ့ကြောင်း၊ ကာကွယ်ဆေးကို စနစ်တကျအသုံးမပြုသော အရပ်ဒေသများတွင်သာ ကြက်ငှက်ရောဂါဖြစ်ပွားမှုနှုန်းများပြားခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီး ကျီယာဟူလင်၏ ပြောကြားချက်ကို ချိုင်းနားဒေးလီးသတင်းဌာနက ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ယခုနှစ်၌ ကြက် ငှက်ရောဂါ ဖြစ်ပွားမှုသုံးကြိမ် ပေါ်ခဲ့ကြောင်း၊ ထိုရောဂါပိုးဖြစ်ပွားသော အရပ်ဒေသများတွင် ကာကွယ်ဆေးကို စံချိန်စံညွှန်းအတိုင်း မသုံးစွဲမှုကြောင့် ဖြစ်ကြောင်း ကျီယာက ပြောကြားခဲ့သည်။ ယမန်နှစ်က ဒဗလျူအိပ်ချ်အို အကူအညီဖြင့် တရုတ်နိုင်ငံ၌ ကြက်ငှက် သန်းပေါင်းများစွာကို ကာကွယ် ဆေးများ ထိုးနှံခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ကာကွယ်

မော်ရိုကိုနိုင်ငံ ရာဘတ်တိရစ္ဆာန်ဥယျာဉ်ရှိ ငှက်များကို ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ကာကွယ်ဆေးထိုးပေးနေသည်ကို မတ် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှားတွင် ကြက်ငှက်တုပ်ကွေးပိုး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မတ် ၂၂

မလေးရှားနိုင်ငံ မြောက်ပိုင်း ပီရက်စ် ပြည်နယ်တွင် H˚5 N˚1 ဗိုင်းရပ်စ်ဖြစ်ပွားသော နေရာသစ်နှစ်ခု ထပ်မံတွေ့ရှိခဲ့သည်။ အဆိုပါနေရာ၌ လွန်ခဲ့သောရက်သတ္တပတ်က ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိခဲ့သည်ဟုအာဏာပိုင်များက အတည်ပြုပြောကြားခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက မတ် ၂၁ ရက်တွင် ပြောကြားသည်။

ဘိုတာဒေသနှင့် ဂိုလန်မြို့အနီး၌ ကြက်ငှက်ဗိုင်းရပ်စ်ပိုး တွေ့ရှိကြောင်း မတ် ၂၁ရက်တွင် အတည်ပြုခဲ့သော်လည်း ထိုနေရာနှစ်ခုစလုံး၌ ယခုအချိန်အထိယင်းရောဂါကြောင့်သေဆုံးဆုံးသော ကြက်ငှက်မရှိသေးကြောင်း ပီရက်စ်ပြည်နယ် စိုက်ပျိုးရေး ကော်မတီ ဥက္ကဋ္ဌ ရာဇီမာနန်က ပြောကြားခဲ့သည်။

အဆိုပါဒေသရှိ ကြက်ငှက်များမှ နမူနာရယူပြီး စမ်းသပ်ကြည့်ရှုခဲ့ရာ ကြက်ငှက်ရောဂါပိုးရှိသည်ဟုအီပို့ချ်မြို့ တိရစ္ဆာန်သုတေသနဌာနကအတည်ပြုခဲ့ကြောင်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ကြက်ငှက်တုပ်ကွေးပိုး ပါကစ္စတန်တွင် တွေ့ရှိကြောင်း အတည်ပြု

အစ္စလမ္မာဘတ် မတ် ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိရကြောင်း အာဏာပိုင်များက အင်္ဂါနေ့ကထုတ်ပြန်သော ကြေညာချက်တွင် အတည်ပြုဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း နယ်စပ်ဒေသ၌ ''H˚5အမျိုးအစား ကြက်ငှက်တုပ်ကွေးပိုးတွေ့ရကြောင်း ဖေဖော်ဝါရီ ၂၇ရက်က စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် မသင်္ကာသော ကြက်ငှက်များမှ နမူနာများရယူကာ ဆက်လက်စမ်းသပ်နိုင်ရန် အင်္ဂလန်ရှိ ဓာတ်ခွဲခန်းသို့ ပေးပို့ခဲ့သည်။

ပါကစ္စတန်မှပေးပို့သော ကြက်ငှက်များမှရယူထားသည့် နမူနာပစ္စည်းများကို အဆိုပါဓာတ်ခွဲခန်းတွင် စစ်ဆေးမှုများပြုလုပ်ပြီးနောက် ထိုနမူနာများတွင် H˚5 N˚1 ရောဂါပိုးတွေ့ရကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု ပါကစ္စတန်နိုင်ငံ စားနပ်ရိက္ခာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းသည် မြို့တော်အစ္စလမ္မာဘတ်တွင် တည်ရှိသည်။ ကနဦးရရှိသော နမူနာများကို ယင်းဓာတ်ခွဲခန်းတွင် ဓာတ်ခွဲပြီးနောက် ကြက်ငှက်များတွင်ဖြစ်ပွားသော ရောဂါမှာ H˚5 အမျိုးအစား ကြက်ငှက်တုပ်ကွေးပိုးဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ကြက်ငှက်တုပ်ကွေးပိုတွေ့ရသောဒေသရှိ ပြည်သူများကို မွေးမြူထားသော ကြက်ငှက်များအတွက် အကာအကွယ်များ ပြုလုပ်ထားကြရန်နှင့် ကြက်ငှက်အသေအပျောက်များပုံမှန်မဟုတ်ပါက သက်ဆိုင်ရာ တိရစ္ဆာန်ဆေးကုဌာနသို့ ချက်ချင်းအကြောင်းကြားရန် နှိုးဆော်ထားသည်။ ထို့အပြင် သက်ဆိုင်ရာအာဏာပိုင်များကလည်း စိုးရိမ်ရသော ဒေသများတွင် အခြေအနေကို အထူးစောင့်ကြပ်ကြည့်ရှုလျက် ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် စစ်ဆန့်ကျင်သူများက အမေရိကန်ဦးဆောင်ဆင်နွှဲသော အီရတ်စစ်ပွဲကိုဆန့်ကျင်ကြောင်း ဆန္ဒပြနေကြသည်ကို မတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဇာဘိုင်ဂျန်တွင် ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသူ ခုနစ်ဦးရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထုတ်ပြန်

ဂျီနီဗာ မတ် ၂၂

အဇာဘိုင်ဂျန်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသူ ခုနစ်ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသည်ဟု သံသယရှိသူ လူနာ ၁၁ ဦးထံမှနမူနာများကိုရယူပြီး ဗြိတိန်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပူးပေါင်းဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်စေခဲ့သည်။ ထိုဓာတ်ခွဲခန်း၏ စမ်းသပ်ချက်များအရ လူနာခုနစ်ဦးတို့ထံမှ ရယူထားသော နမူနာများတွင် H5N1 ဗိုင်းရပ်စ်ပိုးတွေ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်လွှင့်ကြေညာပေးခဲ့သည်။

ဆိုးရွား

ထိုလူနာ ခုနစ်ဦးအနက် ငါးဦး၏ အခြေအနေမှာ ဆိုးရွားနေကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြေညာချက်အရ ၂၀၀၆ ခုနှစ်အတွင်း H5N1 ရောဂါကူးစက်ခံရသူ ၄၀ ရှိသည့်အနက် ၂၇ဦးမှာ အသက်ဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုရောဂါစတင်ဖြစ်ပွားသည့် ၂၀၀၃ ခုနှစ်မှ စတင်ရေတွက်လျှင် ယနေ့အထိ ရောဂါကူးစက်ခံရသူ ၁၈၄ဦးရှိပြီး ၁၀၃ ဦးမှာ သေဆုံးခဲ့ရကြောင်း စာရင်းအင်းများက ဖော်ပြနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ကျူးကျော်သိမ်းပိုက်မှု ကမ္ဘာတစ်ဝန်း ပြည်သူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ဆိုးလ် မတ် ၂၁

တောင်ကိုရီးယား၊ စပိန်၊ မလေးရှားနှင့် အင်ဒိုနီးရှား စသည့် ကမ္ဘာ့နိုင်ငံတစ်ဝန်းမှ ပြည်သူထောင်ပေါင်းများစွာသည် အမေရိကန်တို့ ဦးဆောင်သော အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်သည့်စစ်ပွဲကို မလိုလားကြောင်း မတ် ၁၉ရက်နှင့် ၂၀ရက်များတွင်ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အဆိုပါ ဆန္ဒပြပွဲကြီးများကို အီရတ်စစ်ပွဲသုံးနှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့က သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင် တစ်ခဲနက်ကျင်းပခဲ့ကြခြင်းဖြစ်သည်။

—— တောင်ကိုရီးယား ——

ထောင်နှင့်ချီရှိသော တောင်ကိုရီးယား ပြည်သူများက ဆိုးလ်မြို့တွင် ဆန္ဒပြချီတက်ကြရာ၌ အီရတ်စစ်ပွဲ သုံးနှစ်ကြာပြီးသည့်တိုင် အီရတ်တွင် လွတ်လပ်မှုမရှိသေး၊ ပြောထားသည့်အတိုင်း ဒီမိုကရေစီမဖော်ဆောင်နိုင်သေးသည်ကို ထောက်ပြပြီး စစ်ပွဲကိုကန့်ကွက်ခဲ့ကြသည်။ ထို့အပြင် အီရတ်ရောက် တောင်ကိုရီးယား တပ်ဖွဲ့များကိုလည်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။

နိုင်ငံတကာတွင် ကျင်းပနေသော အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြသူများနှင့် လက်တွဲကာ စပိန်ရှိ ပြည်သူ ၅၀၀၀ ကျော်တို့ကလည်း ဘာစီလိုနာမြို့တွင် စစ်ပွဲကို မလိုလားကြောင်း၊ နိုင်ငံခြားတပ်ဖွဲ့များ အီရတ်မှ ထွက်ခွာပေးရန် လိုလားကြောင်း ဆန္ဒပြထုတ်ဖော်ခဲ့ကြသည်။

—— မလေးရှား ——

မလေးရှားပြည်သူအများအပြားကလည်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်ရှိ အမေရိကန်သံရုံးရှေ့တွင် အီရတ်မှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းသွားရေးအတွက် ဒုတိယနေ့အဖြစ် ဆက်လက်ဆန္ဒပြခဲ့ကြသည်။

—— ဂျပန် ——

ဂျပန်နိုင်ငံ တိုကျိုမြို့တွင်လည်း ရာပေါင်းများစွာသော မြို့သူမြို့သားများ စုရုံးကာ အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေး၍လည်းကောင်း၊ စစ်ဆန့်ကျင်ရေးပိုစတာများ ကိုင်ဆောင်၍လည်းကောင်း စီတန်းလှည့်လည်ခဲ့ကြသည်။

—— အင်ဒိုနီးရှား ——

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်လည်း အင်ဒိုနီးရှားပြည်သူများက စစ်ကိုမလိုလားကြောင်း၊ ကျူးကျော်သိမ်းပိုက်ရေးတပ်များ အီရတ်မှထွက်သွားရန် တောင်းဆိုကြောင်း စသည်ဖြင့် ဟစ်ကြွေးဆန္ဒပြခဲ့ကြသည်။ ထို့အပြင် အမေရိကန်သမ္မတ၏ပုံတူ ရုပ်ပြောင်ကြီးကို မီးရှို့ကာ စစ်မလိုလားကြောင်းကို ထုတ်ဖော်ပြသခဲ့ကြကြောင်း သိရသည်။

အင်တာနက်။

စစ်ဆန့်ကျင်ရေးဆန္ဒပြသူများကို အမေရိကန်နိုင်ငံတွင် ဖမ်းဆီး

ဝါရှင်တန် မတ် ၂၁

အီရတ်စစ်ပွဲ သုံးနှစ်မြောက်အခမ်းအနား ကျင်းပသည့်အနေဖြင့် အမေရိကန်နိုင်ငံတွင် ဆန္ဒပြမှုများ ပြုလုပ်လျက်ရှိရာ စစ်ဆန့်ကျင်ရေးဆန္ဒပြသူအများအပြား တနင်္လာနေ့က အဖမ်းခံခဲ့ရသည်။ အချို့ ဆန္ဒပြသူများလည်း အမေရိကန်သမ္မတဘုရှ် ကလိဗ်လင်းဒေသသို့ ရောက်ရှိလာစဉ်အတွင်း ကန့်ကွက်ပြောကြားကြသည်။

အမေရိကန် စစ်ဌာနချုပ် အဆောက်အအုံအပြင်ဘက်တွင် ဆန္ဒပြကြစဉ် တရားဥပဒေ စိုးမိုးရေး လိုက်နာရန် ပျက်ကွက်မှု စွပ်စွဲချက်ဖြင့် ဆန္ဒပြသူ ၅၁ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချာရိုင်းအာဗင်က ပြောကြားသည်။

ဖမ်းဆီး

ဆန္ဒပြသူများ မဝင်ရောက်နိုင်ရန် ကန့်သတ်ထားသည့် အရံအတားများကို ကျော်လွှားတက်ရန် ကြိုးပမ်းမှုကြောင့် ဆန္ဒပြသူအချို့ကို ဖမ်းဆီးခဲ့သည်ဟု အာဗင်က ပြောကြားသည်။

ဆန်ဖရန်စစ္စကို၌လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြသူများအနက် လူ ၁၇ ဦးကို လမ်းပိတ်ဆို့မှုဖြင့် ဖမ်းခဲ့သည်ဟု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုလံဘီယာနိုင်ငံတွင် မိုးသည်း၍ မြေပြို ကလေးခုနစ်ဦးသေဆုံး

ဘိုဂိုတာ မတ် ၂၁

ကိုလံဘီယာနိုင်ငံ အလယ်ပိုင်းဒေသရှိ ကယ်ဒက်ခရိုင်တွင် ရေလွှမ်းမိုးမှု နောက်ထပ် ဖြစ်ပွားခဲ့ပြီး ရေစီးနှင့် မျောပါသွားခဲ့သည့် ကလေးခုနစ်ဦး၏ အလောင်းများကို ကယ်တင်သူများက တွေ့ရှိခဲ့သည်။ အခြားလူလေးဦးသည်လည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရာသီဥတု ဆိုးရွားနေသည့်ကြားမှ ကယ်ဆယ်ရေးအဖွဲ့များက အသက် ၁၁ နှစ်နှင့် အသက် ၁၆ နှစ်ကြားရှိ ကလေးများကို ရှာဖွေနေဆဲ ဖြစ်သည်။

လာဂရူတာဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုကျမှုဖြစ်ပွားခဲ့သဖြင့် အားလပ်ရက် အနားယူ အပန်းဖြေနေစဉ် ကလေးများသည် ယင်းအန္တရာယ်ဖြင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထိုဒေသသည် ကယ်ဒက်ခရိုင်နှင့် ၂၄ ကီလိုမီတာ ဝေးသည့်နေရာတွင်ရှိသည်။

ကိုလံဘီယာကြည်းတပ်နှင့် ရဲတပ်ဖွဲ့မှ ရဟတ်ယာဉ်နှစ်စင်း၊ ကြက်ခြေနီနှင့် အရပ်သား ကာကွယ်ရေးတပ်ဖွဲ့တို့က ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပါဝင် ကူညီလုပ်ကိုင်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းတွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူများကို ဖမ်းဆီး

ဗန်ကောက် မတ် ၂၁

ထိုင်းနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း၏ ပဋ္ဌမအဆင့်ပြီးဆုံးချိန်တွင် အလိုရှိနေသည့် မူးယစ်ဆေးဝါး ရောင်းဝယ်သူ ၃၀၀၀၀ ကို ဖမ်းဆီးရန် ရည်မှန်းထားကြောင်း၊ အဆိုပါ ပဋ္ဌမအဆင့်လုပ်ငန်းကို ယခုလနှောင်းပိုင်းတွင် စတင်မည်ဖြစ်ပြီး ဩဂုတ်လအထိ ကြာမြင့်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ကြေညာခဲ့ပြီးနောက် မူးယစ်ဆေးဝါးရောင်းဝယ်သူ ၂၀၄၀၀ ကျော်မှာ ဖမ်းမမိသေးဘဲ တိမ်းရှောင်နေဆဲဖြစ်ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူး ဝမ်မူနာမက်နိမာသာ၏ ပြောကြားချက်ကို ကိုးကားလျက် ဗန်ကောက်ပို့စ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ပုံသေပိုင်ပစ္စည်း

ယခုအချိန်ထိ မူးယစ်ဆေးဝါးရောင်းဝယ်သူ ၉၇၀၀၀ ကို ဖမ်းဆီးခဲ့ပြီး တရားစွဲဆိုထားပြီးဖြစ်ကြောင်း၊ သိမ်းဆည်းရမိထားသည့် ပုံသေပိုင်ဆိုင်ပစ္စည်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၅ သန်းရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

လန်ဒန်ဝင်ဘလေ အားကစားကွင်း ခေါင်မိုးပြိုကျမှုဖြစ်ပွား အလုပ်သမားများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရ

လန်ဒန် မတ် ၂၁

လန်ဒန်မြို့တော်ရှိ ဝင်ဘလေအားကစားကွင်းမှ ကျယ်လောင်သည့် အသံကြီးမြည်ဟိန်းသွားသည်ကို ကြားလိုက်ရပြီးနောက် အဆောက်အအုံ၏အမိုး အစိတ်အပိုင်းအချို့ ပြိုကျခဲ့သည့်အတွက် အလုပ်သမားများကို ယင်းအဆောက်အအုံမှ ဘေးကင်းရာသို့ တနင်္လာနေ့က ရွှေ့ပြောင်းပေးခဲ့ရကြောင်း အဆောက်အအုံဆောက်လုပ်နေသည့် ကုမ္ပဏီက ပြောကြားသည်။ **(အပေါ်ပုံ)**

ဝင်ဘလေ အားကစားကွင်း ဆောက်လုပ်ရာတွင် အရေးတကြီးပြဿနာအချို့ ပေါ်ပေါက်ခဲ့ကြောင်း၊ သို့ရာတွင် မည်သည့်ကိစ္စဖြစ်ပွားကြောင်း မိမိတို့မသိသေးကြောင်း၊ ကံကောင်းထောက်မသဖြင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း တွမ်ကယ်လီက ပြောကြားသည်။

ဝင်ဘလေအားကစားကွင်း အဆောက်အအုံဆောက်လုပ်ပြီးစီးပါက အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်ပွဲစဉ်ကို ယင်းအားကစားကွင်းတွင် ကျင်းပရန်ရည်ရွယ်ထားသော်လည်း ယခုအဖြစ်အပျက်ကြောင့် နောက်ဆုံးပွဲစဉ်ကို ကာဒစ်ထောင်စုနှစ် ဘောလုံးကွင်းသို့ ရွှေ့ပြောင်းကျင်းပရတော့မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လေယာဉ်ငယ်တစ်စင်း အမေရိကန်တွင် ပျက်ကျ

ဝါရှင်တန် မတ် ၂၁

စက်တစ်လုံးတပ် လေယာဉ်ငယ်တစ်စင်းသည် အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ် ဘရန်ဆွန်အပန်းဖြေစခန်း မြို့တောင်ပိုင်းတစ်နေရာတွင် တနင်္လာနေ့က ပျက်ကျခဲ့သဖြင့် စီးနင်းလိုက်ပါလာသူ လေးဦးစလုံးသေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် တက္ကဆက်ပြည်နယ် လတ်ဘော့လေယာဉ်ကွင်းမှ ပျံတက်စဉ် ဘရန်ဆွန်မြို့ရှိ အဝေးပြေးလမ်းမပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု လေကြောင်းပျံသန်းရေးဌာနက ပြောကြားသည်။

လေယာဉ်ပျံ ပျက်ကျသည့်အချိန်တွင် ယင်းဒေသ၏ ရာသီဥတုအခြေအနေသည် ကောင်းမွန်လျက်ရှိပြီး လေယာဉ်သည်လည်း လေကြောင်းပျံသန်းရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ မောင်းနှင်နေခြင်းဖြစ်သည်ဟု အဆိုပါဌာနက ပြောကြားသည်။ လေယာဉ်ပျက်ကျမှု အကြောင်းရင်းကို သိရှိရန်အတွက် စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ ဘရန်ဆွန်မြို့တွင်ပျက်ကျသွားသော လေယာဉ်ငယ် တစ်စင်း၏ အပျက်အစီးများကို မတ် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့ The Mirror နိုင်ငံတကာ သတင်းများ

ပေကျင်းတွင် အသက်ရာကျော် ဘိုးဘွား ၃၀၀ ကျော်ရှိ

ပေကျင်း မတ် ၂၀

၂၀၀၅ ခုနှစ် အကုန်တွင် ပြုစုရရှိသော စာရင်းဇယားများအရ တရုတ်ပြည် ပေကျင်းမြို့တော်၌ အသက်ရာကျော် ဘိုးဘွားဦးရေမှာ ၃၀၄ဦးအထိ မြင့်တက်လာသည်။ ၂၀၀၃ ခုနှစ် နှစ်ကုန်က ကိန်းဂဏန်းဖြစ်သည့် ၂၅၇ ဦးမှ ၄၇ ဦး ပိုမိုတိုးလာသည်ဟု ဆိုသည်။

အသက်ရာကျော် ဘိုးဘွားဦးရေ စုစုပေါင်းမှ ၂၂၆ ဦး(သို့မဟုတ်) ၇၅ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်သည်။ အသက်အကြီးဆုံး အဘွားမှာ အသက်(၁၁၀)ရှိပြီဖြစ်ပြီး ချာအိုရန်ဒေသမှ ဖြစ်သည်။

နိုင်ငံတော် စာရင်းအင်းဌာန ဆန်းစစ်လေ့လာချက်အရ မြို့တော်နေ လူဦးရေ၏ ၁၅ ဒသမ ၃၈ သန်းတွင် ၁ ဒသမ ၆၆ သန်းဖြစ်သည့် ၁၀ ဒသမ ၇၇ ရာခိုင်နှုန်းသည် အသက်(၆၀) နှင့် (၆၅)နှစ်ကျော်များ ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

၆၅ ရာခိုင်နှုန်းသော ဩစတြေးလျပြည်သူတို့က အီရတ်မှ တပ်ဖွဲ့ရုပ်သိမ်းရန်လိုလား

ကင်ဘာရာ မတ် ၂၁

၆၅ ရာခိုင်နှုန်းသော ဩစတြေးလျနိုင်ငံသူ၊ နိုင်ငံသားတို့က ဩစတြေးလျ တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ မေလ မတိုင်မီကာလတွင် ရုပ်သိမ်းပေးရန် လိုလားနေကြောင်း လူထုသဘောထားစစ်တမ်းအရ သိရှိရသည်။

ဩစတြေးလျ တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရှိလာသည်အထိ သို့တည်းမဟုတ် အမေရိကန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသည်အထိ ဆက်လက် နေထိုင်သင့်၊ မသင့် ဩစတြေးလျနိုင်ငံသူ၊ နိုင်ငံသား ၅၀၀ ကို စစ်တမ်းကောက်ယူရာ ၃၂ ရာခိုင်နှုန်းက တုံ့ပြန်ဖြေကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့သည့် တတိယမြောက် နှစ်ပတ်လည်နေ့တွင် ဖော်ပြပါ လူထုစစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်သည်။ ယင်းစစ်တမ်းကို ဈေးကွက်သုတေသနလုပ်ငန်း လုပ်သည့် ယူအမ်အာကုမ္ပဏီက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အီရတ်စစ်ပွဲ၏ အကြောင်းရင်းဓာတ်မြစ်မှာ အီရတ်မှ ရေနံများကို ရယူရန်ဖြစ်သည်ဟု ၄၉ ရာခိုင်နှုန်းသော ပြည်သူတို့က ဖြေကြားကြပြီး သုံးရာနှုန်းသော ပြည်သူတို့ကမူ အီရတ်တွင် ဒီမိုကရေစီဖော်ဆောင်လို၍ဖြစ်သည်ဟု ဖြေကြားကြသည်။

၂၂ ရာခိုင်နှုန်းသော ပြည်သူလူထုက အီရတ်စစ်ပွဲဖြစ်ရခြင်းသည် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားလို၍ဟု ဖြေကြားပြီး ၁၂ ရာခိုင်နှုန်းကမူ ဖျက်အားပြင်းလက်နက်များရှာဖွေလို၍ဖြစ်သည်ဟုဖြေကြားကြသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်နိုင်ငံ ဒင်ဗာဒေသအရှေ့ဘက်တွင် နှင်းဦးရာသီ နှင်းမုန်တိုင်းကျရောက်မှုကြောင့် အဝေးပြေးလမ်းမပေါ်တွင် ခရီးမဆက်နိုင်ဘဲ ရပ်ထားရသော ကုန်တင်ကားကြီးများကို မတ် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကင်ညာ၌ မိုးခေါင်ရာမှ ရုတ်တရက်မိုးရွာချ တောရိုင်းတိရစ္ဆာန်များ သေဆုံး

နိုင်ဗာရှာ(ကင်ညာ) မတ် ၂၁

အာဖရိကအရှေ့ပိုင်း၌ မိုးခေါင်မှု ကြာရှည်စွာ ဖြစ်ပေါ်ခဲ့သဖြင့် ကင်ညာနိုင်ငံရှိတောရိုင်းတိရစ္ဆာန်နှင့် မွေးမြူရေးလုပ်ငန်းတွင် အတိဒုက္ခရောက်ခဲ့သည်။ သို့သော် ယခုအခါ ရုတ်တရက် မိုးရွာသွန်းခဲ့သဖြင့် တိရစ္ဆာန်များ သေဆုံးမှု ဖြစ်ပွားရပြန်သည်။

မကြာသေးမီ ရက်အတွင်းက ခြောက်သွေ့ဆွေးမြည့်နေသော ကုန်းမြေ၌ အပြီးသတ် မိုးရွာသွန်းခဲ့ရာတွင် တိရစ္ဆာန်များသည် အစာကို အလွန်အကျွံစားသုံးခဲ့ကြောင်း၊ မြက်နုများကို တိရစ္ဆာန်များက လွန်ကဲစွာစားသုံးပြီး အများစုမှာ အော်ဟစ်ကာ သေဆုံးခဲ့ကြောင်း၊ ကင်ညာနိုင်ငံ ရိုကမ်မေးလီးရှိ ဟယ်လ်အမျိုးသားဥယျာဉ် ကြီးကြပ်သူ ချာလီမူသူက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တိရစ္ဆာန်အကောင် ၇၀ ထက်မနည်း သေဆုံးပြီး အများစုမှာ ဆိတ်များဖြစ်ပြီး အစာကို အလွန်အကျွံ စားသုံးခဲ့သည်ဟု ၎င်းကပြောဆိုခဲ့သည်။ အဆိုပါ ဥယျာဉ်သည် တောရိုင်းတိရစ္ဆာန် ဥယျာဉ်တောအဖြစ် ရေပန်းစားပြီး ဧည့်သည်များ လာရောက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

ဂုဏ်ပြုအပ်ပါသည်

မြင့်သိန်းအောင်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိနိုင်ငံ၊ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်ကို ဖွဲ့စည်းထားရှိကြပါသည်။ အဆိုပါ တပ်မတော်များကို သုံးသပ်လေ့လာဆန်းစစ်မည်ဆိုပါက အကြမ်းဖျင်းအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ်နိုင်ပေမည်။ ပထမ အမျိုးအစားမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံ၍ ယုံကြည်ချက်၊ ခံယူချက်ဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော တပ်မတော်ဖြစ်ပြီး ဒုတိယ အမျိုးအစားမှာမူ ငွေကြေးနေအင်အားပေါ်အခြေခံ၍ ကြေးစားအသွင် တည်ဆောက်ဖွဲ့စည်းထားသော တပ်မတော်ဖြစ်ပါသည်။

မြန်မာ့တပ်မတော်သည် အဆိုပါနှစ်မျိုးနှစ်စားသော တပ်မတော်အနက် ပထမအမျိုးအစားတွင် ပါဝင်ပေသည်။ အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာဆန်းစစ်ကြည့်ပါက မြန်မာ့တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းကပင် စတင်သန္ဓေတည်၍ ဖက်ဆစ်တော်လှန်ရေးကာလတွင် မွေးဖွားလာခဲ့သော တပ်မတော်ဖြစ်ကြောင်းတွေ့ရှိနိုင်ပါသည်။ ပြည်သူလူထုနှင့်အတူ လက်တွဲ၍ မြန်မာ့လွတ်လပ်ရေးကို ရယူပေးခဲ့သည့် တပ်မတော်ဖြစ်သလို နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးသွားနိုင်သည့် အန္တရာယ်အကျပ်အတည်းများနှင့် ကြုံတိုင်း နိုင်ငံနှင့် လူမျိုးအတွက် ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံတော်ကို အသက်ပေး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့သော တပ်မတော်လည်းဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေး ရရှိချိန်နှင့်တစ်ပြိုင်တည်း နယ်ချဲ့၏ပယောဂနှင့် တစ်ယူသန်ဝါဒအစွဲများကြောင့် ပေါ်ပေါက်လာသည့် ရောင်စုံသောင်းကျန်းသူများ၏ ဆူပူသောင်းကျန်းမှု ပြင်းထန်လာသဖြင့် ရန်ကုန် အစိုးရဟု အခေါ်ခံနေရချိန်တွင် တပ်မတော်သည် နိုင်ငံတော်၏ မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး သစ္စာရှိစွာဖြင့် ရှိသည့်အင်အားကို အသုံးပြုကာ အသက်ကိုပင် ပဓာနမထားဘဲ ရောင်စုံသောင်းကျန်းသူများကို နှိမ်နင်း၍ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ပါသည်။

ဤသို့ဖြင့် နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်၊ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးရမည့်အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ခဲ့ပြီး တပ်မတော်သည်လည်း သစ္စာရှိသောတပ်မတော်၊ စွမ်းရည်ရှိသောတပ်မတော်၊ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာဖြင့် တာဝန်ကို အောင်မြင်အောင် ကျေပွန်စွာ ထမ်းဆောင်နိုင်သော တပ်မတော်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ပါသည်။

၁၉၅၈ ခုနှစ်တွင် အာဏာရထားသော ဖဆပလအစိုးရအဖွဲ့အတွင်း တည်မြဲ၊ သန့်ရှင်းဟူ၍ နှစ်ဖွဲ့ကွဲပြားသွားရာ၌ တချို့သော နိုင်ငံရေး အင်အားစုများသည် တပ်မတော်ကိုဖျက်သိမ်းပြီး ခါးပိုက်ဆောင်တပ်များနှင့် အစားထိုးရန် ကြံစည်ခဲ့ခြင်းများ၊ တချို့က မြေအောက်သောင်းကျန်းသူများနှင့် ပူးပေါင်းရန် ကြံစည်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုဂယက်သည် ပြည်သူများကိုပင် ရိုက်ခတ်ကာ မိသားစုအတွင်း၌ပင် အချင်းချင်း စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်အနေဖြင့် အစိတ်စိတ် အမြွှာမြွှာကွဲပြီး သွေးချောင်းစီးဖြစ်ရပ်ဆိုးများနှင့် ကြုံတွေ့ရတော့မည့် အန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံလာခဲ့ရပါသည်။ ထိုအချိန်တွင် တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူ၍ အမျိုးသားရေးတာဝန်ကို အခြေအနေကောင်းများ ရရှိဖြစ်ထွန်းလာသည်အထိ ဘက်မလိုက်ဘဲ တည့်မတ်မှန်ကန်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့သဖြင့် ထိုအကျပ်အတည်း ကာလကို လွန်မြောက်စေခဲ့နိုင်ပါသည်။

၁၉၆၂ခုနှစ်တွင်မူ လူမျိုးရေးအမြင် ကျဉ်းမြောင်းသူများသည် ၁၉၄၇ ခုနှစ်ကာလက နယ်ချဲ့အလိုကျရေးဆွဲခဲ့ရသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ ခွဲထွက်ရန် ကြိုးစားခဲ့ကြပါသည်။ ခွဲထွက်ရေးသမားများသည် ပြည်တွင်းသောင်းကျန်းသူများ၊ ပြည်ပကျူးကျော်သူများနှင့် ပူးပေါင်းရုံတင်မက အနောက် စစ်အုပ်စု၏ အကူအညီကိုပါ တောင်းခံခဲ့ကြပါသည်။ ထိုသို့သော နိုင်ငံတော် ပြိုကွဲရတော့မည့် အခြေအနေကို ထိုစဉ်က **အာဏာရနိုင်ငံရေး ပါတီအစိုးရအနေဖြင့်မည်သို့မျှ ထိန်းသိမ်းကာကွယ်တားဆီးနိုင်မှု မရှိခဲ့သဖြင့်** တပ်မတော်သည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းခဲ့ပြီး နိုင်ငံတော်ပြိုကွဲတော့မည့် အန္တရာယ်ကို ကာကွယ်တားဆီးခဲ့ရပါသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ ကျင့်သုံးခဲ့သည့် နိုင်ငံရေးဝါဒနှင့် အကောင်အထည်ဖော်မှုများ၏ အားနည်းချက်များကြောင့် ပြုပြင်ပြောင်းလဲမှုကို လိုလားသော ပြည်သူလူထု၏ဆန္ဒကို အလွဲသုံးစား ပြုလုပ်ပြီးမြေပေါ် မြေအောက်၊ လက်ဝဲ-လက်ယာ၊ ပြည်တွင်းပြည်ပဆန့်ကျင်သူများက ပယောဂမျိုးစုံတို့ဖြင့် တိုင်းဆူပြည်ဖျက် အရေးအခင်းကို လုပ်ကြံဖန်တီးလာခဲ့ကြသည်။ တစ်နိုင်ငံလုံးတွင် အကြမ်းဖက်ဝါဒနှင့် မင်းမဲ့စရိုက်များ လွှမ်းမိုးလာခဲ့သဖြင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကြီး ပျက်ပြားသွားခဲ့ရပါသည်။ ထိုစဉ်က မည်သည့်ပါတီ၊ မည်သည့်နိုင်ငံရေးသမားကမျှ တိုင်းပြည် တည်ငြိမ်အေးချမ်းအောင် မထိန်းသိမ်း၊ မကာကွယ်၊ မတားဆီးနိုင်ခဲ့သဖြင့် နောက်ဆုံးအခြေအနေတွင် တပ်မတော်ကပင် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ နိုင်ငံတော်၏ တာဝန်ကိုရယူပြီး နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ခဲ့ရပြန်ပါသည်။

အထက်ပါ အဖြစ်အပျက်များသည် အမျိုးသား နိုင်ငံရေးအဖြစ်သမိုင်းပေးတာဝန်ကို တပ်မတော်က ကျေပွန်စွာ ဦးဆောင်ထမ်းရွက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။ တစ်နည်းဆိုရသော် ယနေ့တပ်မတော်သည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းနိုင်သော၊ မှန်ကန်သည့် ယုံကြည်ချက်၊ ခံယူချက်ရှိသော တပ်မတော်အဖြစ် ကမ္ဘာ့ည်းမော်ကွန်းတင်ရမည့် တပ်မတော်ဖြစ်ပါသည်။

အတိတ်သမိုင်းကြောင်းက အဖြစ်အပျက်များသည် ယခုမျက်မှောက် ပစ္စုပ္ပန်ကာလတွင် အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာ၌ သင်ခန်းစာများအဖြစ် သုံးသပ်ဆင်ခြင်ရယူကြရမည့် အချက်အလက်များဖြစ်ပါသည်။ သင်ခန်းစာများကို လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိရန် ဆက်စပ်ရယူနိုင်ကြရမည်လည်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်မှန်ကန်သော အစီအမံများကို အမှားအနည်းဆုံးဖြင့် ချမှတ်လုပ်ဆောင်နိုင်ပါမည်။

ထိုသဘောတရားအတိုင်းပင် ယနေ့နိုင်ငံတော်၏ တာဝန်ကို ယူထားသော တပ်မတော်အစိုးရအနေဖြင့် အနာဂတ်မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေရာတွင် အတိတ်က ပေးလာသော သင်ခန်းစာများအပေါ် အခြေခံ၍ မူဝါဒများ ချမှတ်ကာ စနစ်တကျအကောင်အထည်ဖော် လုပ်ဆောင်နေသည်ကို ရှုမြင်နိုင်ပါသည်။

အဘက်ဘက်က နောက်ကျနေသော နိုင်ငံတော်ကြီးအား အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား ညမနားဘဲ အစွမ်းကုန်ကြိုးပမ်း တည်ဆောက်ခဲ့မှုကြောင့် ယနေ့အချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး တည်ဆောက်နိုင်ခဲ့ကြပြီးဖြစ်သလို ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် တည်ဆောက်နေသည်ကို တွေ့မြင်နေရကြရပါသည်။နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ရာတွင် ခရီးအတော်ပေါက်ခဲ့ပြီလည်းဖြစ်ပါသည်။

ထိုသို့သော အချိန်ကာလတွင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသော၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မလိုလားသော ပြည်တွင်း ပြည်ပ၊ လက်ဝဲလက်ယာ အဖျက်သမားတို့သည် ပြည်ပအားကိုးဖြင့် အစိုးရ၊ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးသွားရေးအတွက် နည်းလမ်းအမျိုးမျိုးတို့ဖြင့် နှောင့်ယှက်ဖျက်ဆီး လုပ်ကြံသွေးခွဲလျက်ရှိနေသည်ကို သတိရှိရှိဖြင့် တားဆီးကာကွယ်ကြရမည် ဖြစ်ပါသည်။



တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ယနေ့ မြန်မာ့တပ်မတော်ကို ဆန်းစစ်ကြည့်ပါက တပ်မတော်သားများသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ နယ်မြေဒေသအသီးသီးတွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ သားကောင်းရတနာများ ဖြစ်ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အခြေခံကောင်းများရှိနေကြသူများ ဖြစ်ကြသည့်အလျောက် တပ်မတော်သားအဖြစ် ရောက်ရှိလာကြချိန်တွင် တပ်မတော်၏ လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ပေးမှုအရ ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားနိုင်ငံရေးတာဝန်အဖြစ် ယုံကြည်လက်ခံပြီး ခံယူကျင့်သုံးနေသော တပ်မတော်သားများ ဖြစ်လာကြပါသည်။

လူတစ်ဦးချင်းစီ၏တန်ဖိုးသည် လူ့ကျင့်ဝတ်သီလ ဖြစ်သည်။ ကျင့်ဝတ်သီလ မရှိသောသူသည် လူကောင်းသူကောင်းမဟုတ်၊ အကျင့်ပျက်ပင်ဖြစ်ပေမည်။ ထို သဘောတရားနှင့်အညီ မြန်မာ့တပ်မတော်သားများအား ကျင့်ဝတ်သီလရှိသော တပ်မတော်သားများ ဖြစ်နေစေရန်အတွက် စစ်သည်တော်ကျင့်ဝတ်များ သတ်မှတ်ပေးထားပြီး ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ လိုက်နာစောင့်ထိန်းစေလျက်ရှိသည်ကို တွေ့ရပါသည်။

စစ်သည်တော်တိုင်း တစ်ဦးချင်းအနေနှင့် လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ် အပါး၂၀၊ အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါး၊ လက်အောက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါး၊ အခြားရဲဘော်များအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါး၊ ပြည်သူလူထုအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ် ၁၀ ပါးနှင့် ရန်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ငါးပါးဟူ၍ စုစုပေါင်း ကျင့်ဝတ် အပါး ၆၀ ကို လိုက်နာစောင့်ထိန်းကြရပါသည်။ ထိုသို့ ကျင့်ဝတ် ၆၀ ကို လိုက်နာစောင့်ထိန်းလျက်ရှိသော တပ်မတော်သား စစ်သည်တစ်ဦးချင်းဖြင့် ဖွဲ့စည်းထားသော မြန်မာ့တပ်မတော်သည် တပ်မတော်ကောင်းတစ်ရပ် ဖြစ်သည်နှင့်အညီ အရည်အသွေး မြင့်မား၍ ပြည်သူလူထု၏ ကြည်ညိုကိုးစားမှုကို ခံရသော တပ်မတော်အဖြစ် ပြည်သူကို အလုပ်အကျွေးပြုလျက် ရှိနေပေသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ယနေ့ မြန်မာ့တပ်မတော်ကို ဆန်းစစ်ကြည့်ပါက တပ်မတော်သားများသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ နယ်မြေဒေသအသီးသီးတွင် နေထိုင်ကြသော တိုင်းရင်းသား လူမျိုးအားလုံး၏ သားကောင်းရတနာများ ဖြစ်ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အခြေခံကောင်းများ ရှိနေကြသူများ ဖြစ်ကြသည့်အလျောက် တပ်မတော်သားအဖြစ် ရောက်ရှိလာကြချိန်တွင် တပ်မတော်၏ လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ပေးမှုအရ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားနိုင်ငံရေးတာဝန်အဖြစ် ယုံကြည်လက်ခံပြီး ခံယူကျင့်သုံးနေသော တပ်မတော်သားများ ဖြစ်လာကြပါသည်။

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

စစ်သည်တော်ကျင့်ဝတ် ၆ဝကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာလိုက်နာစောင့်ထိန်းကြရသော တပ်မတော်သား များသည် သစ္စာလေးချက်ကိုလည်း အမြဲဦးထိပ် ပန်ဆင်ထားရပါသည်။ သစ္စာလေးချက်မှာ–

- **ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။**
- **ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။**
- **ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။**
- **ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။**

ဟူ၍ ဖြစ်ပါသည်။ ထိုသို့ သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆို အဓိဋ္ဌာန်ပြုနေသော တပ်မတော်သားများသည် သစ္စာလေးချက်အတိုင်း သစ္စာရှိရှိဖြင့် အမိန့်ကိုနာခံပြီး အသက်ကို ပေးလှူ၍ ကျရာတာဝန်ကို ထမ်းဆောင် နေကြသူများ ဖြစ်ကြသည့်အလျောက် နိုင်ငံနှင့်လူမျိုးတို့၏ အကျိုးကို အမြဲတမ်းကာကွယ်စောင့်ရှောက်၊ တည်ဆောက်၊ အလုပ်အကျွေး ပြုနိုင်သော တပ်မတော်သားများအဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှား ပေါ်လွင်လျက် ရှိနေပေသည်။ မြန်မာ့တပ်မတော်သားတို့၏ စွမ်းရည်နှင့် လုပ်ဆောင်ချက်တို့သည် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ဆိုပါက အစဉ်အမြဲ ထက်မြက်သွက်လက် မြင့်မားနေမည်သာ ဖြစ်ပါသည်။ တပ်မတော်သား တို့သည် အမျိုးသားရေးကို မည်သည့်အချိန်အခါတွင်မျှ သစ္စာဖောက်မည် မဟုတ်ဘဲ အမြဲတမ်းသစ္စာစောင့်သိစွာဖြင့် တာဝန်ကို အောင်မြင် ပြီးဆုံးသည်အထိ အသက်ပေး ထမ်းဆောင်သွားမည့်သူများလည်း ဖြစ်ကြပါသည်။

သာမန်ပြည်သူများအနေဖြင့် နယ်ဘက်ဥပဒေ တစ်ခုကိုသာ လိုက်နာစောင့်ထိန်းရသော်လည်း တပ်မတော်သား တစ်ယောက်အနေဖြင့်မူ နယ်ဘက်ဥပဒေအပြင် စစ်ဘက်ဥပဒေကိုပါ လိုက်နာစောင့်ထိန်း ကြရပါသည်။ စည်းကမ်းဆိုသည်ကို အဓိကကျောရိုးမဏ္ဍိုင်ပြုပြီး တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်ဟု ဆိုရပေမည်။ စည်းကမ်းနှင့် အမိန့်နာခံမှုသည်အတူ ယှဉ်တွဲနေသည်ဖြစ်ရာ တားမြစ်ချက်စည်းကမ်းနှင့် တိုက်တွန်းချက် စည်းကမ်းများကို လိုက်နာနိုင်ရန်အတွက် အမိန့်နာခံမှုသည် တပ်မတော်သားများအတွက် မရှိမဖြစ် ပြည့်စုံထားရမည့် အချက်ဖြစ်နေပါသည်။ ထို့အတွက် တပ်မတော်သားတိုင်းသည် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံမှုတို့ကို ထူးထူးကဲကဲ လိုက်နာစောင့်ထိန်းကြရသည့် အကျင့်သီလနှင့် ပြည့်စုံသောသူများ ဖြစ်ကြပါသည်။

ထို့ပြင် တပ်မတော်သားတိုင်းတွင်ရှိရမည့် အခြေခံအရည်အချင်း ငါးပါးအဖြစ် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ် (စစ်ရေး၊စည်းရုံးရေး၊ အုပ်ချုပ်ရေးစွမ်းရည်) ပြည့်စုံမှုဟူ၍ သတ်မှတ်ထားပြီး ထိုအရည်အချင်းများနှင့် ပြည့်စုံနေရန်အတွက် တပ်မတော်က စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ထားပါသည်။ ဤသို့ဖြင့် မြန်မာ့တပ်မတော်သည် "အမျိုးအစားပို၍ ကောင်းရမည်"၊ "ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်ရမည်"ဆိုသည့် အချက်များနှင့် ပြည့်စုံ၍လည်း အမျိုးသားရေးတာဝန်ကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင် နိုင်သကဲ့သို့ ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို အောင်မြင်စွာ ချေမှုန်းတိုက်ခိုက်နိုင်ခဲ့သည့် တပ်မတော်အဖြစ် ထူးခြားစွာ ရပ်တည်နိုင်နေခြင်းပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ပြုစုပျိုးထောင်တည်ဆောက်ထားသော တပ်မတော်ဖြစ်သည့် အလျောက်မြန်မာ့တပ်မတော်သည် မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းသော တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသောတပ်မတော်၊ စွန့်လွှတ်စွန့်စားသော တပ်မတော်၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားသော တပ်မတော်၊ စိတ်ဓာတ် မြင့်မြတ်သော တပ်မတော်၊ အခက်အခဲကို ရင်ဆိုင် ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်၊ အပင်ပန်းအဆင်းရဲခံနိုင်သည့် တပ်မတော်၊ ဇွဲလုံ့လ ဝီရိယရှိသည့် တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ် ပန်ဆင်သော တပ်မတော်ဟူ၍ အစဉ်အလာကောင်းများ ရှိသော တပ်မတော်အဖြစ် ခိုင်မာစွာရပ်တည် နေပေသည်။ ထိုအစဉ်အလာကောင်းများကို ယနေ့တပ်မတော်သားများသည် ထိန်းသိမ်းထားရှိနိုင်ပြီး နောင်အနာဂတ်တွင်လည်း ဆက်လက်ထိန်းသိမ်းသွားနိုင်မည်သာ ဖြစ်ပေသည်။

သို့ပါ၍ မိမိတို့၏အသက်ကို နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ပေးလှူထားပြီးသော၊ နိုင်ငံအတွက် သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော၊ ထမ်းဆောင်နေသော၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်အပြင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကိုပါ အောင်မြင်စွာ ကြိုးပမ်းထမ်းဆောင်နိုင်သော၊ တည်ဆောက်နေသော တပ်မတော်သားများအား ဂုဏ်ပြုအပ်ပါသည်။ တပ်မတော်သားများအနေဖြင့်လည်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး မိမိတို့၏ မွန်မြတ်သောလုပ်ငန်း တာဝန်အပေါ် ဂုဏ်ယူကာ နိုင်ငံသားကောင်းပီသစွာ နိုင်ငံ့အကျိုး၊ ပြည်သူအကျိုးအတွက် စွမ်းစွမ်းတမံ ဆက်လက်တာဝန် ထမ်းဆောင် နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

မူးယစ်ကင်းစင် အလှဆင်

မတ်လ နွေပန်းချီ

☆ ရွက်ရော်သွေ့ခြောက်၊ နွေပေါက်ပြီဆိုလျှင်
ကံ့ကော် သရက်၊ ပင်ထက် ရွက်နုဆင်
မြူခိုးမင်းလွင်၊ ရှစ်ခွင်ဝေ့ဝဲ
လက်ပံပွင့်ပြီ၊ ပေါက်ပွင့်ပြီ
အနီ ထိန်ထိန်ရဲသည်နှင့်လေး။

☆ အနီရဲရဲ၊ ရင်ထဲစွဲလေလျှင်
အတိတ်ဟိုရှေး၊ ပြန်တွေးတမြင်မြင်
မြန်မာ့မြေတွင်၊ ခိုဝင်ကပ်စွဲ
ဖက်ဆစ်တော်လှန်၊ ပြည်လုံးညံ
အောင်သံခြိမ့်ခြိမ့် သဲသည်တည့်လေး။

☆ အောင်သံခြိမ့်သဲ၊ အောင်ပွဲဆင်ရာတွင်
မြန်မာပြည်လုံး၊ စုရုံးအတူပါဝင်
ကယား ကချင်၊ ကရင်နှင့်ရှမ်း
ချင်း ရခိုင်ပါ၊ မွန် ဗမာ
ညီညာတစ်စိတ်ဝမ်းငယ်တည့်လေး။

☆ ညီညာစိတ်ဝမ်း၊ အောင်ပန်းအလီလီ
လက်တွဲချီတက်၊ အသက်ကိုစွန့်မည်
လွတ်လပ်ရေးဆီ၊ ဦးတည်မျှော်ထောက်
ပြည်သူ့တပ်မတော်၊ ဦးဆောင်ခေါ်
တောင်ပေါ်မြေပြန့် အနှံ့ရောက်သည်
တည့်လေး။

☆ ခြောက်ဆယ့်တစ်နှစ်၊ ပြည်ချစ်တပ်မတော်သည်
ပြည်သူ့ဝန်ထမ်း၊ လျှောက်လှမ်းခဲ့ ညီညီ
ဇွဲနှင့် မာန်ချီ၊ ခိုင်ကျည် မြင့်မြတ်
ထက်မိုးယံဆီ၊ အောင်လံနီ
လွင့်သည်တဖျပ်ဖျပ် ကယ်နှင့်လေး။

☆ အနာဂတ်ကိုမှန်း၊ လျှောက်လှမ်းဖို့မျှော်ရည်
အေးချမ်းဖွံ့ဖြိုး၊ တိုးတက်သော မြန်မာပြည်
တည်ဆောက်ကြမည်၊ ခေတ်မီအလှ
ပြည်တွင်းအားသာ၊ ကိုးစားရာ
ညီညာ စည်းလုံးကြပါစို့လေး။
အတူထာဝရ မှန်းမြင် မွန်မြတ်
နောင်ညီပျော်ကြသည်။
မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်
ဖော်ကြမည်။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်

မြင်းမူမောင်နိုင်မိုး

စာမျက်နှာ ၃ဆောင်းပါးမှအဆက်

တစ်ပါးနိုင်ငံတို့၏ ပြည်တွင်းရေး စွက်ဖက်မှုကို ဆန့်ကျင်သည့်အပြင် မှုမမှန်သော အခြင်းအရာအမျိုးမျိုး ပပျောက်သွားရေးအတွက် လည်းကောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားဖြည့်ပေးရေးအတွက် လည်းကောင်း မဆုတ်မနစ် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်းဖြင့် အစီရင်ခံစာ နောက်ပိုင်းတွင် ဖော်ပြထားသည်။

တရုတ်ပြည်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးနယ်ပယ်ရှိ လှုပ်ရှားမှုများတွင် မည်သည့်နိုင်ငံကမဆို လူ့အခွင့်အရေးပြဿနာကို အသုံးချ၍ မိမိ၏တန်ဖိုးအမြင်၊ တွေးခေါ်မြော်မြင်ပုံ၊ နိုင်ငံရေး သတ်မှတ်စံနှင့်ဖွံ့ဖြိုးရေးပုံစံကိုကျင့်သုံးရန် တိုက်တွန်းခြင်းကို လည်းကောင်း၊ လူ့အခွင့်အရေးပြဿနာကို အကြောင်းပြ၍ တစ်ပါးနိုင်ငံများ၊ အထူးသဖြင့် ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အချုပ် အခြာအာဏာပိုင်မှုနှင့် ဂုဏ်သိက္ခာထိခိုက်စေခြင်းကိုလည်းကောင်း ပြတ်ပြတ်သားသား ဆန့်ကျင်လာခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်၍ တရုတ်ပြည်သည် ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အတူ ပြတ်သားခိုင်မာစွာ တိုက်ပွဲဝင်လာခဲ့ကြောင်း၊ တရားမျှတမှုဘက်မှ ရပ်တည်လာခဲ့ကြောင်း၊ လူ့အခွင့်အရေး ပြဿနာသည် အနှစ်သာရ အားဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအုပ်ချုပ်မှုနှင့်ဆိုင်သော ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော် အချုပ်အခြာအာဏာပိုင်မှုကို လေးစားရေးနှင့် ပြည်တွင်းရေး မစွက်ဖက်ရေးတို့သည် အများအသိအမှတ်ပြုထားသော နိုင်ငံတကာ ဥပဒေ သတ်မှတ်စံများဖြစ်ရာ နိုင်ငံတကာဆက်ဆံမှု၏ နယ်ပယ်မှန်သမျှတွင် ကျင့်သုံးရန် သင့်လျော် သဖြင့် လူ့အခွင့်အရေး ပြဿနာတွင်လည်း ဓမ္မတာအတိုင်းပင် ကျင့်သုံးရန် သင့်လျော်သည်ဟု တရုတ်ပြည်က တစ်သမတ်တည်း ယူဆကြောင်း။

ကုလသမဂ္ဂ ပဋိညာဉ်စာချုပ် ပုဒ်မ(၂) အပိုဒ်(၇)တွင် "ဤပဋိညာဉ်စာချုပ်သည် အနှစ်သာရအားဖြင့် မည်သည့်နိုင်ငံ၏ ပြည်တွင်းအုပ်ချုပ်မှု အဝန်းအဝိုင်းအတွင်းမှ အရေးကိစ္စများကို ကုလသမဂ္ဂအား ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာအပ်နှင်းသည်ဟု မမှတ်ယူရ" ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ကုလသမဂ္ဂက အတည်ပြုသော "အနိုင်နိုင်ငံ၏ ပြည်တွင်းရေးများကို စွက်ဖက်ခွင့်မရှိရေးနှင့် ယင်းတို့၏လွတ်လပ်ရေး၊ အချုပ် အခြာအာဏာပိုင်ရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကြေညာစာတမ်း"၊ "ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့်အညီ အနိုင် နိုင်ငံတို့ ချစ်ကြည်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေမူများနှင့် ပတ်သက်သော ကြေညာစာတမ်း"၊"အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခွင့်မရှိရေးနှင့်ကြားဝင်လုပ်ဆောင်ခွင့်မရှိရေး စာတမ်း" တို့တွင်"မည်သည့် နိုင်ငံ၊ သို့မဟုတ် နိုင်ငံများအုပ်စုကမျှ မည်သို့သော အကြောင်းဖြင့်ပင်ဖြစ်စေ၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးရာတို့ကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်စွက်ဖက်ခွင့်မရှိ"ဟူ၍လည်းကောင်း၊ "အနိုင်နိုင်ငံတို့သည် လူ့အခွင့်အရေးပြဿနာကို အသုံးပြု၍သော် လည်းကောင်း၊ ထင်ယောင်ထင်မှားဖြစ်စေ၍သော်လည်းကောင်း၊ အခြားနိုင်ငံ၊ သို့မဟုတ် နိုင်ငံများအုပ်စု အတွင်းပိုင်း၊ သို့မဟုတ် အချင်းချင်းအကြား သံသယဖြစ်မှုများနှင့် ရှုပ်ထွေးမှုများကို ဖန်တီးသည့် လက်သုံးနည်းအဖြစ် အသုံးချခြင်းကို ရှောင်ရှားသည့်တာဝန်ဝတ္တရားရှိကြသည်" ဟူ၍လည်းကောင်း ရှင်းလင်းတိကျစွာသတ်မှတ် ပြဋ္ဌာန်းထားကြောင်းဖြင့် အမေရိကန်၏ လူ့အခွင့်အရေး အကြောင်းပြချက်ဖြင့် နိုင်ငံတကာ ပြည်တွင်းရေး ဝင်စွက်မှုများကို ပေါ်လွင်အောင် တရုတ်ပြည်၏ အစီရင်ခံစာ၌ သရုပ်ဖော်ပြထားသည်။

ယခုအခါ ကမ္ဘာ့အနေအထား အသစ်နှင့် အဟောင်းတို့ အလဲအလှယ်ပြုလျက်ရှိကြရာ ကမ္ဘာသည် ပို၍ပင် လှုပ်လှုပ်ရွရွ၊ မတည်မငြိမ်ဖြစ်နေကြောင်း၊ ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် အာဏာနိုင်ငံရေးတို့သည် ဆက်လက်တည်ရှိနေပြီး ကမ္ဘာ၏ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုကို အန္တရာယ်ပြုမြဲပြုလျက်ရှိနေကြောင်း၊ လူ့အခွင့်အရေးကို အသုံးချလျက် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေး စွက်ဖက်ခြင်းနှင့် အာဏာနိုင်ငံရေး ကျင့်သုံးခြင်းသည် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်မှုများ ရပ်လုံးပေါ်ရေးကို နှောင့်ယှက်ဟန့်တားလျက်ရှိကြောင်း၊ ယင်းသို့သော နိုင်ငံတကာ အခြေအနေနှင့် မျက်မှောက် ပြုနေရရာတွင် တရုတ်ပြည်အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အတူ တရားမျှတသော၊ နည်းလမ်းတကျဖြစ်သော နိုင်ငံတကာ ဆက်ဆံမှု စည်းစနစ်သစ်တစ်ရပ် ထူထောင်ရေးအတွက် လည်းကောင်း၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဖြစ်ပေါ်တိုးတက်ရေးရည်ရွယ်ချက် ထမြောက်အကောင်အထည်ပေါ်ရေးအတွက် လည်းကောင်း၊ ဆက်လက်၍ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရန် လိုလားကြောင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူ့အခွင့်အရေး အစီရင်ခံစာကို နိဂုံးချုပ်ထားသည်။

ယခုကဲ့သို့ နိုင်ငံအသီးသီးက ပြန်လည်ရှင်းလင်းနေကြခြင်းမှာ အများပြည်သူများ၊ ကမ္ဘာ့လူသားများ အမြင်ရှင်းလင်းစေလိုကြ၍သာ ဖြစ်သည်။ မူလကတည်းက မုသားအပြည့်ဖြင့် မဟုတ်မမှန်မှန်းသိပါလျက် စွပ်စွပ်စွဲစွဲ ထုတ်ပြန်နေသော အမေရိကန်နိုင်ငံခြားရေးဌာနမှ လူများအား ရှင်းပြနေခြင်းမဟုတ်ဟု ဖော်ပြလိုက်ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်။)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့ကြီးရေလှောင်တမံစီမံကိန်း

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလွှဲဥမင်လိုဏ်အဝင် ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အလျား ၁၅၃၅ပေ၊ အနက်ပေ ၅၀ရှိ ရေစိမ့်တား နံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ပဏာမရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ကျိုင်းခမ်းရေလှောင်တမံတို့မှ ရေများဖြင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေအရင်းအမြစ်ရရှိနိုင်မည့် အခြေအနေများကို မေးမြန်းမှာကြားသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့ကြီးရေလှောင်တမံစီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေလှောင်တမံအဆင့်အလိုက် ရေကို ထိရောက်စွာ သိုလှောင်နိုင်ရေးတို့ကို မှာကြားသည်။

တည်ဆောက်ပြီးဖြစ်သည့် ရပ်စောက်မြို့နယ် ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်ရေနှင့် မြို့ကြီးရေလှောင်တမံအထက်ဘက် ရေဆင်းဧရိယာများမှ စီးဆင်းရေများကို ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၇၉၀ မဂ္ဂါဝပ် ထုတ်ယူ[...] ကမ္ဘာပေါ်၌ RCC တမံ ၂၈၀ ကျော်ရှိသည့်အနက် ကမ္ဘာ့အကြီးစား [...]

☆ **ရှေ့ဖုံးမှ**

ဆေးဝါးလိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံမှူး ဒေါက်တာမြင့်စိန်က ထုတ်လုပ်သွားမည့် ဆေးဝါးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ဒုတိယအဆင့် တည်ဆောက်ဆဲ အဆောက်အအုံများနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်း ဆေးရည်များ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ရန် ဆေးဝါးလုပ်ငန်းစက်ရုံ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)မှ ပထမအဆင့်အဖြစ် ဆေးပြား၊ ဆေးတောင့်များကို ၂၀၀၅ခုနှစ် မတ်လမှ စ၍ စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ဒုတိယအဆင့်အဖြစ် ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်များကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မတ် ၂၀ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိကြပြီး တစ်ခါသုံး ဆေးထိုးအပ် ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက သွေးကြောသွင်းဆေးရည် ထုတ်လုပ်ခြင်းနည်းစဉ်များကိုလည်းကောင်း၊ သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးဌာန အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းပြသကြသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)မှာ တစ်ခါသုံး ဆေးထိုးအပ်၊ သွေးကြောသွင်း ဆေးရည်နှင့် ထိုးဆေးတို့ထုတ်လုပ်သွားမည့် စက်ရုံဖြစ်ပြီး ပထမအဆင့်အဖြစ် တစ်ခါသုံး ဆေးထိုးအပ်များကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။ ဒုတိယအဆင့်အဖြစ် သွေးကြောသွင်း ဆေးရည်နှင့် ထိုးဆေးများကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကျောက်ဆည် မြို့နယ်ရှိ ဆေးဝါးလုပ်ငန်း စက်ရုံ(အင်ရောင်း)၌ တစ်ခါသုံး ဆေးထိုးအပ် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းတို့က စီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှုများ၊ မြို့ကြီးရေလှောင်တမံ၊ ရပ်စောက်မြို့နယ်မှ ဇော်ဂျီရေလှောင်တမံနှင့် ရပ်စောက်မြို့နယ်၌ ထပ်မံ တည်ဆောက်သွားမည့် စီမံကိန်းပြီးစီးပါက ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ကေပေငါးသိန်းခန့်၊ မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏကေပေ လေးသိန်းခန့်ကို လွှတ်ပေးနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၂၄မဂ္ဂါဝပ်ပါ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ရဲရွာရေအားလျှပ်စစ်

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ ရဲ-ယမန်း ကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ် ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်နေမှု အခြေအနေနှင့် RCCကွန်ကရစ် စတင်သွန်းလောင်းမှု အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ပင်မတမံ မသွန်းလောင်းမီ အလွတ်သဘော RCC ကွန်ကရစ် စမ်းသပ်လောင်းခဲ့မှုများနှင့် ၈-၂-၂၀၀၆မှ စတင်၍ ပင်မတမံ RCC ကွန်ကရစ်ကို စနစ်တကျ အလွှာ[...] လောင်းနေမှုများကို ရှင်းလင်းတင်ပြသ[...]

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခ[...] ရေအားလျှပ်စစ် စီမံကိန်းသို့ဆက်သွယ်[...] များကောင်းမွန်ရေး ဆောင်ရွက်ထားမှုမျ[...] တင်ပြသည်။

သစ်သီးခြင်းများပေးအပ်[...]

ရှင်းလင်းတင်ပြချက်များနှင့် စပ်လ[...] ချုပ်က လိုအပ်သည်များကို မှာကြားပြီး Co[...] Engineering Co., Ltd မှ အင်ဂျင်[...] Paulfischer နှင့် CGGC Co., Ltd[...] စီမံချက်မန်နေဂျာ Mr. Huang L[...] လည်းကောင်း၊ ရေအားလျှပ်စစ်ဦးစီးဌာ[...] တည်ဆောက်ရေး ညွှန်ကြားရေးမှူး [...] လည်းကောင်း သစ်သီးခြင်းများ ပေးအ[...]

ထို့နောက် စီမံကိန်း၌ အသုံးပြု[...] ပိုဇိုလန်နှင့် ကျောက်နမူနာများ၊ RCC ကွ[...] များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေကာနံရံ တည်[...] များနှင့် ပင်မတမံ RCCကွန်ကရစ်လော[...] ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး[...]

ကြည့်ရှုအားပေး

ထို့နောက် ပင်မတမံအပေါ်ပိုင်းသို့[...] ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ဒိုဇာဖြ[...] ဖြန့်ခြင်း၊ Roller အရွယ်အစားမျိုးစုံဖြ[...] Vibrator ဖြင့်ထိုးခြင်း၊ Fogging M[...] Curingလုပ်ခြင်း၊ သိပ်သည်းခိုင်မာမှုကို [...] တို့ကို ကြည့်ရှုလေ့လာ အားပေးကြသ[...]

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များရှမ်းပြည်နယ်ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ တည်ဆောက်နေသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ်အဝင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

- ❑ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)မှ ပထမအဆင့်အဖြစ် ဆေးပြား၊ ဆေးတောင့်များကို ၂၀၀၅ ခုနှစ် မတ်လမှစ၍ စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ဒုတိယအဆင့်အဖြစ် ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်များကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်သွားမည်။
- ❑ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)မှာ တစ်ခါသုံး ဆေးထိုးအပ်၊ သွေးကြောသွင်း ဆေးရည်နှင့် ထိုးဆေးတို့ ထုတ်လုပ်သွားမည့် စက်ရုံဖြစ်ပြီး ပထမအဆင့်အဖြစ် တစ်ခါသုံး ဆေးထိုးအပ်များကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။ ဒုတိယအဆင့်အဖြစ် သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးများကို ဆက်လက်ထုတ်လုပ်သွားမည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များစဉ့်ကူးမြို့ မာလဲကျေးရွာအနီးရှိ မာလဲနတ်တောင်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ် ကမ္ဘာ့အကြီးစား RCC တမံတစ်ခုဖြစ်

RCC ကွန်ကရစ်ကို စနစ်တကျ အလွှာအလိုက် စတင်လောင်းနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ဆက်သွယ်သည့် ကားလမ်းများကောင်းမွန်ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

သစ်သီးခြင်းများပေးအပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး Colenco Power Engineering Co., Ltd မှ အင်ဂျင်နီယာချုပ် Mr. Paulfischer နှင့် CGGC Co., Ltd မှ ဒုတိယစီမံချက်မန်နေဂျာ Mr. Huang Lin တို့အား လည်းကောင်း၊ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးမြင့်ဇော်အား လည်းကောင်း သစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက် စီမံကိန်း၌ အသုံးပြုသည့် သဘာဝပိုဇိုလန်နှင့် ကျောက်နမူနာများ၊ RCC ကွန်ကရစ်နမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေကာနံရံ တည်ဆောက်ပြီးစီးမှုများနှင့် ပင်မတမံ RCC ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပင်မတမံအပေါ်ပိုင်းသို့ သွားရောက်၍ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ဒိုဇာဖြင့် ကွန်ကရစ်ဖြန့်ခြင်း၊ Roller အရွယ်အစားမျိုးစုံဖြင့် ကြိတ်ခြင်း၊ Vibrator ဖြင့်ထိုးခြင်း၊ Fogging Machine ဖြင့် Curing လုပ်ခြင်း၊ သိပ်သည်းခိုင်မာမှုကို တိုင်းတာနေခြင်းတို့ကို ကြည့်ရှုလေ့လာ အားပေးကြသည်။

ဆက်လက်၍ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများနှင့် Abutment Gallery တည်ဆောက်ခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် သဘာဝမီးတောင်ချော် (ပိုဇိုလန်)၊ ဘိလပ်မြေ၊သဲ၊ကျောက်တို့ကို RCC ကွန်ကရစ်အဖြစ် နည်းစနစ်ကျနစွာ ရောစပ်ထုတ်လုပ်ပေးသည့် စက်ရုံသို့ သွားရောက်၍ စက်ရုံပုံစံငယ်နှင့် စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ကမ္ဘာ့အကြီးစား

ရဲရွာရေအားလျှပ်စစ် စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် စီမံကိန်းကြီး ဖြစ်သည့်အပြင် ကမ္ဘာပေါ်၌ RCC တမံ ၂၈၀ ကျော်ရှိသည့်အနက် ကမ္ဘာ့အကြီးစား RCC တမံ တစ်ခုဖြစ်သည်။

ဆည်တော်ကြီးရေကူရေလှောင်တမံ

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ် စီမံကိန်းမှ စဉ့်ကူးမြို့နယ်ရှိ ဆည်တော်ကြီးရေကူရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များကို မေးမြန်းမှာကြားကြသည်။

စဉ့်ကူးမြို့နယ်ရှိ တည်ဆောက်ပြီး ဆည်တော်ကြီးရေလှောင်တမံ အထက်ဘက် ၁၂ မိုင်ခန့်အကွာ နမ့်ပက်ချောင်းပေါ်၌ ဆည်တော်ကြီးသို့ ရေကူပေးမည့် ရေကူရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဤစီမံကိန်း၌ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုပ်လုပ်နိုင်မည့်စက်များကိုပါ ပူးတွဲထည့်သွင်း တည်ဆောက်၍ ရေအားလျှပ်စစ် ထုတ်ပေးသွားမည်ဖြစ်သည်။

ညနေ ၃ နာရီတွင် ရဟတ်ယာဉ်ဖြင့် စဉ့်ကူးမြို့ အရှေ့မြောက်ဘက်ရှစ်မိုင်ခန့်အကွာ မာလဲကျေးရွာအနီး မာလဲနတ်တောင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ တည်ဆောက်ပြီး ပင်မတမံအပိုင်းနှင့် ပင်မတမံ ဆက်လက်တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေစီမံ့တား နံရံတည်ဆောက်ခြင်း လုပ်ငန်းများ၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က စီမံကိန်း အမြန်ပြီးစီးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

မာလဲနတ်တောင်ချောင်းပေါ်၌ အလျားပေ ၁၁၈၅၀၊ အမြင့် ၇၂ ပေနှင့် ရေဧက ပေ ၅၇၀၀၀ ကျော် သိုလှောင်နိုင်မည့် မြေသား ရေလှောင်တမံ တည်ဆောက်၍ ချောင်းလက်ဝဲ/လက်ယာရှိ လယ်မြေဧက တစ်သောင်းခန့်ကို ရေပေးဝေနိုင်ရန် မာလဲနတ်တောင် ရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၁၉ ရက် ညနေပိုင်းတွင် မန္တလေးမြို့ ဈေးချိုရှိ ဈေးချိုဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည့် ဟိုတယ်လုပ်ငန်း အခြေခံသင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားမကျင်းပမီ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဈေးချိုရှိ မန္တလေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန၏ စာသင်ခန်းများနှင့် လက်တွေ့လေ့ကျင့်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရွှေစည်းခုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရန်လှူဒါန်းနိုင်

ရန်ကုန် မတ် ၂၂

ညောင်ဦးမြို့ သမိုင်းဝင်အံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်၍ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ နှစ်လက်မပတ်လည် မျက်ပါးရွှေတစ်ဆိုင်း ကျပ် ၁၆၀၀၀၊ ဆိုင်းဝက် ကျပ် ၈၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပြီး ကျပ် ၅၀၀၀၊ တစ်ပေပတ်လည် ရွှေချပြီး ကျပ် ၇၀၀၀၊ ကြာသွတ်အိုးတစ်လုံးရွှေချပြီး ကျပ် ၂၅၀၀၀၀ ဖြင့် အတွင်းရေးမှူး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညောင်ဦးခရိုင်၊ညောင်ဦးမြို့၊ ဖုန်း ၀၆၁-၆၀၂၆၁၊ ဥက္ကဋ္ဌ ရွှေစည်းခုံဂေါပကအဖွဲ့၊ ညောင်ဦး ဖုန်း ၀၆၁-၆၀၈၂၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၆၁)

ရွှေမင်းဝံအဂ္ဂမဟာပူဇော်ပွဲ

ရန်ကုန် မတ် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တ သောဘန (မဟာကမ္မဋ္ဌာနာစရိယ) မထေရ်အား အဂ္ဂမဟာပူဇော်ပွဲနှင့် သီဟသုဓမ္မသီဂိဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ရှမ်းလေး မဟာဓမ္မဗိမာန်တော် ကျောင်းအမကြီး ဒေါ်ကြူကြူသင်းအား ချီးကျူးဂုဏ်ပြုပွဲကို ဧပြီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ မဟာဓမ္မဗိမာန်တော် အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများ ဟောပြောပို့ချ

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပသော အနေးယာဉ်လုပ်သားများပါဝင်သည့် အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၄)မှ သင်တန်းသား ၁၀၀ တို့အား နိုင်ငံတော်မူဝါဒနှင့် ကဏ္ဍစုံဖွံ့ဖြိုး တိုးတက်မှုများနှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

မအူပင် အထက(၁) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

မအူပင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ အဌမအကြိမ် သက်ကြီးအာစရိယ ပူဇော်ပွဲကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)နှင့်အထက် ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့မှ ဦးမြစိုး ဖုန်း ၀၁-၅၂၇၁၈၂၊ ဦးရန်ဝင်း ဖုန်း ၀၁-၂၄၅၃၂၃၊ ဦးထိုက်စီ ဖုန်း ၀၁-၂၉၇၈၁၄၊ ဦးထွန်းကြွယ် ဖုန်း ၀၁-၂၅၆၄၆၁၊ ဦးတင်မြင့်ကျော် ဖုန်း ၀၉၉၀၄ ၂၄၆၆နှင့် မအူပင်မြို့မှ ဦးသိန်းမောင် ဖုန်း ၀၄၅-၃၀၃၂၉၊ ဦးလှမြင့်တင် ဖုန်း ၀၄၅-၃၀၆၆၉၊ ဦးအောင်ထွေး ဖုန်း ၀၄၅-၃၀၃၂၉၊ ဦးကျင်ဝင်း ဖုန်း ၀၄၅-၃၀၆၂၄နှင့် ဦးအေးသိန်း ဖုန်း ၀၄၅-၃၀၈၂၁ တို့ထံ ဆက်သွယ်နိုင်သည်။(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ ခုနှစ်)

၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၁၅ ၇။ (၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use

၄:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၆ ခုနှစ်)

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (သတ္တဗေဒ အထူးပြုများ) (သတ္တဗေဒ)

၅:၀၅ ၆။ တေးဂီတအစီအစဉ်

၅:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၃၀ ၈။ **"အလျော်အစား" (ဇင်ဝိုင်း၊ငွေစင်သွန်း၊ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**

၅:၃၅ ၉။ တေးဂီတအစီအစဉ်

၅:၄၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၅:၅၅ ၁၁။ (၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်

၆:၀၀ ၁၂။ ညနေခင်းသတင်း

၆:၁၀ ၁၃။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၄။ ပြည်တွင်းဆီအုန်းစပ်မျိုးအောင်မြင်ထားဝယ်ဒေသတစ်ခွင်

၆:၅၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၁၅)**

၇:၄၅ ၁၆။ ပြည်သူ့အတွက်တပ်မတော် (လျှပ်စစ်စွမ်းအားဟိုတယ်ခရီး၊ ပို့ဆောင်ရေး၊မီးရထား)

၈:၀၀ ၁၇။ ပြည်တွင်းသတင်းများ

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **"ရုပ်မြင်သံကြားဇာတ်လမ်း" "သားကောင်းမိခင်" (အပိုင်း-၁) (လွင်မိုး၊ဇင်ဝိုင်း၊နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ပန်းဖြူ၊သက်မွန်မြင့်၊ ပုလဲဝင်း) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**

၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း-၁၇)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဧရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှုခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပျောက်များ ပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ဓမ္မမေဒိနီစာသင်တိုက်ဆရာတော် ဂုဏာဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇာနေယျ အရှင်သူမြတ်အား တပည့်ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ဂုဏာဝိသိဋ္ဌပူဇာသဘင်နှင့် သိက္ခာထပ်၊ ရဟန်းခံပွဲကျင်းပပူဇော်မည်ဖြစ်သည်။ မတ် ၂၇ ရက် မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ တက်ရောက်ပူဇော် ကုသိုလ်ယူကြရန်နှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းလိုသူများသည် ဖုန်း–၀၉–၅၀၁၁၂၇၉၊ ၆၉၉၁၆၃ နှင့် ၆၃၈၀၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မော်တော်ယာဉ် အခမဲ့ပြေးဆွဲပေးမည်

ရန်ကုန် မတ် ၂၂

လှိုင်သာယာမြို့နေ ဦးခင်အောင်–ဒေါ်ခင်မြင့်သူ မိသားစုက မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ–၂၉၁၅၊ ၁က–၇၀၈၀၊ ၆က–၇၇၁၅ နှင့် ၅က–၃၂၀၉ ယာဉ်လေးစီးသည် မတ် ၂၇ရက်(တပ်မတော်နေ့)တွင် အခမဲ့ယာဉ် ဆိုင်းဘုတ်ချိတ်ဆွဲလျက် ၁၂၈ လိုင်း လှိုင်သာယာ–ဝေဘာဂီ၊ ၅၄လိုင်း ပုဇွန်တောင်–အေဘီစီ–လှိုင်သာယာ နည်းပညာ တက္ကသိုလ်၊ ၁၂၉ လိုင်း လှိုင်သာယာ–မင်္ဂလာဈေးသို့ တစ်နေကုန် (၁၄)ကြိမ်မြောက် အခမဲ့ ပြေးဆွဲပေးမည် ဖြစ်သည်။ (၆၁)

အထက(၁)ကျိုက်ထို အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၂

အထက(၁)ကျိုက်ထိုတွင် ၁၉၉၄–၉၅ မှ ၁၉၉၉–၂၀၀၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသူ၊ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ၈ ရက်(အင်္ဂါနေ့)တွင် အထက(၁)မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲ အတွက် လှူဒါန်းလိုသူများသည် ကိုကျော်ကျော်ဟန်–ဖုန်း–၀၅၇–၆၀၁၁၇နှင့် ကိုထွန်းအောင်လွင် ဖုန်း–၀၅၇–၆၀၄၁၇တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)



(23-3)10.P65 1 1/3/32, 10:31 AM

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်ပွဲတွင် အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

ရဲနွယ်အပါအဝင် ဆည်မြောင်းတမံပေါင်း ၁၈၄ ခု တည်ဆောက်ပေးခဲ့ပြီး လယ်ဧက ၂၅၈၇၀၀၀ ကျော် ရေပေးနိုင် စိုက်ပျိုးမြေတိုးပွားလာသကဲ့သို့ သီးနှံစိုက်ဧကများနှင့် အထွက်နှုန်းများလည်း သိသိသာသာတိုးတက်မြင့်မား

✪ ကျောဖုံးမှ

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ရဲနွယ်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

တက်ရောက်

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၆၁)နှစ် မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၄)တို့က တည်ဆောက်သည့် ရဲနွယ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် သည်။

အတွက် ရည်စူး၍ ဆည်မြောင်းတာတမံများကို အင်တိုက်အားတိုက် အစီအရီ တည်ဆောက်ပေးလျက်ရှိရာ၌ ၁၈၄ခုမြောက်ဖြစ်သည့် ရဲနွယ်ရေလှောင်တမံကြီး ကို ယနေ့အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းအတွက် နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်ထားရှိသည့် မွန်မြတ်သောစေတနာ၏ အကျိုးရလဒ်ကောင်းတစ်ခု လက်တွေ့အကောင်အထည်ပေါ်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်၍ နိုင်ငံတော်အစိုးရကိုယ်စား များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းကို ပထမဦးစွာ ပြောကြားလိုကြောင်း။

ယခုရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်းများတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ထည့်သွင်းစီမံအကောင်အထည်ဖော်ပေးခဲ့သော လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည် နှင့်အညီ စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း စိုက်ပျိုးရေ လုံလောက်စွာ ရရှိရန်၊ ရာသီမရွေးဆည်ရေပို့လွှတ်ပြီး သီးထပ်စိုက်ပျိုးနိုင်စေရန်၊ ယခင်က ရေကြီး ရေနက်ကွင်းများဖြစ်နေသည့် ပြွန်တန်ဆာလွင်ပြင်နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သော ပဲခူးလွင်ပြင်တို့ကို ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးရန်အပြင် ဒေသနေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရန်ဆိုသည့် မြင့်မားသော ရည်မှန်းချက်အသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးခဲ့သည့် ဘက်စုံစီမံကိန်းတစ်ရပ် ဖြစ်ကြောင်း။

အထောက်အကူပြု

သို့ဖြစ်၍ ယခုရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းအနေဖြင့် လယ်မြေ ဧက ၁၁၈၅၀၀နှင့် သီးနှံစိုက်ဧက ၂၃၇၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ် သကဲ့သို့ ဒေသနေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ၂၅မဂ္ဂါဝပ်ထုတ်လုပ်

ချောင်းကော၊ မြောင်းကောများ တူးဖော်မှု၊ ကန်ပတ်တာများ တည်ဆောက်မှု စသည့် သဘာဝရေမြေကို ထိန်းသိမ်းမှုအစီအမံများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေလှောင်တမံ၏ အကျိုးကျေးဇူး များသည် အခြားသော စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးအစီအမံများနှင့် စနစ်တကျ ပေါင်းစပ်မိပြီး ပြွန်တန်ဆာလွင်ပြင် အပါအဝင် ပဲခူးတိုင်းအတွင်းတွင်ရှိသည့် ယခင်ကစိုက်ပျိုး၍မဖြစ်သည့် ရေကြီးရေနက်ကွင်းနှင့် ရေငန်ဝင်ရောက်ရာ ဒေသများသည် စိုက်ပျိုးဖြစ်ထွန်းသော အဖိုးတန်လယ်မြေများအဖြစ် ပြောင်းလဲ လာစေမည်ဖြစ်ကြောင်း။

စနစ်တကျစီမံပေးနေ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် နယ်မြေ ဒေသအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ဖွံ့ဖြိုးရေး စီမံကိန်းများကို သဟဇာတဖြစ်ဖြစ် ပေါင်းစပ်ပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသ များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းရင်းသားပြည်သူ များ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန် စနစ်တကျ စီမံဆောင် ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံစေရေး၊ ဒေသအလိုက် စားနပ်ရိက္ခာဖူလုံစေရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းစေရေးတို့အတွက် အဓိက ဖော်ဆောင်ပေးနေသည့် အခြေခံ အကျဆုံး စီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက် မြင့်မားရေး ရည်မှန်းပြီး ဆည်မြောင်း တာတမံများ၊ လျှပ်စစ်မြစ်ရေတင်

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရဲနွယ်ရေလှောင်တမံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပဲခူးတိုင်း၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင် မြို့နယ်တို့မှ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂျပန် နိုင်ငံမှ အတိုင်ပင်ခံပညာရှင်များ၊ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင် မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန် ရှိသူများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆည်မြောင်းဦးစီး ဌာနမှ ဝန်ထမ်းမိသားစုများ၊ ဒေသခံတိုင်းရင်းသားများ၊ ဘင်ခရာနှင့် ပန်းဖွား အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ရိုးရာအကအဖွဲ့ဝင်များ တက်ရောက် ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် တောင်သူလယ်သမားကြီးများ အကျိုး

ပေးနိုင်မည်ဖြစ်၍ ပြည်သူများ၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ တိုးတက်မြင့်မား ရေးနှင့် ရပ်ရွာ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင် မည် အမှန်ပင်ဖြစ်ကြောင်း။

ထို့အပြင် ရဲနွယ်ရေလှောင်တမံက ရေကို ထိန်းချုပ်သိုလှောင်ပေးခြင်းအား ဖြင့် ပြွန်တန်ဆာလွင်ပြင် ရေလွှမ်းမိုးမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်သကဲ့သို့ စစ်တောင်းမြစ် ရေကြီးမှုကိုလည်း ၆၀ ရာခိုင်နှုန်းအထိ လျော့ပါးသက်သာစေ မည်ဖြစ်ကြောင်း။

စစ်တောင်းမြစ်ဝှမ်းဒေသသည် ပဲခူး–စစ်တောင်းတူးမြောင်းတိမ်ကောလာမှု၊ ပဂိုင်တာယိုယွင်းလာမှု၊ တစ်ဆက်တည်းမှာ ချောင်းကောမြောင်းကောများ ပေါ်ပေါက်လာမှုတို့ကြောင့် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့၏ ရေထုတ်နုတ်နိုင်မှု လျော့ပါးလာပြီး ပြွန်တန်ဆာလွင်ပြင်၊ ပဲခူးလွင်ပြင်တို့သည် ရေကြီးရေနက် ကွင်းများ ဖြစ်လာခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်တောင်း မြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်ပြီး ရှမ်းကိုင်း၊ ပိုင်ကျုံ၊ တာဝ၊ ရွှေလေ စသည့် ရေထိန်းတံခါးကြီးများကို အကွက်ချတည်ဆောက်ပြီး ရေအတက်အကျ ကို ထိန်းချုပ်မှုများ၊ ရဲနွယ်၊ ဘိုင်းဒါး၊ ကောလိယ စာသည့်ချောင်းများပေါ်၌ ဆည်များတည်ဆောက်ပြီး တောင်ကျရေစီးဆင်းမှုကို ထိန်းသိမ်းပေးမှုများ၊

စီမံကိန်းများ၊ ရေထိန်းတံခါးကြီးများစသည့် အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ရဲနွယ်ရေလှောင်တမံ အပါအဝင် ဆည်မြောင်း တမံပေါင်း ၁၈၄ ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ လယ်မြေဧက ၂၅၈၇၀၀၀ ကျော်ကို စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်နေပြီဖြစ်ကြောင်း။

စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ပေးမှု၊ စိုက်ပျိုးရေ တိုးတက်ဖြန့်ဝေပေးနိုင်မှု၊ စိုက်ပျိုးရေးနည်းပညာသစ်များနှင့် မျိုးကောင်းမျိုးသန့်များ တိုးတက်အသုံးပြု နိုင်မှုတို့ကြောင့် ယခုဆိုလျှင် နိုင်ငံတော်အတွင်း စိုက်ပျိုးမြေများ တိုးပွားလာ ခဲ့ပြီဖြစ်သကဲ့သို့ သီးနှံစိုက်စွမ်းအားနှင့် အထွက်နှုန်းများသည်လည်း သိသိ သာသာ တိုးတက်မြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ၁၉၈၈–၈၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အတွင်း အသားတင် စိုက်ပျိုးမြေ ဧက ၁၉ဒသမ၅၁ သန်းသာ ရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တွင် အသားတင် စိုက်ပျိုးမြေ ဧက ၂၆ ဒသမ ၈၉ သန်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

✧ စာမျက်နှာ ၁၁ မှ

သီးထပ်စိုက်ပျိုးမှု၊ နွေစပါးစိုက်ပျိုးမှုများ၏ အကျိုးကျေးဇူးကြောင့် သီးနှံစိုက်ပျိုးမြေအနေဖြင့် ၁၉၈၈–၁၉၈၉ ဘဏ္ဍာနှစ်တွင် ဧက ၂၃ ဒသမ ၈၀သန်း သာရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တွင် ဧက ၄၃ သန်းအထိ တိုးတက် လာခဲ့ခြင်းကြောင့်ယခုကာလအတွင်းတွင် သီးနှံစိုက်ဧက ၁၉သမ၉ဆ တိုးလာ ခဲ့ပြီး သီးနှံစိုက်စွမ်းအားသည်လည်း ၁၁၉ ဒသမ ၆ ရာခိုင်နှုန်းမှ ၁၅၇ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီ ဖြစ်ကြောင်း။

ပဲခူးတိုင်းအနေဖြင့် ကြည့်မည်ဆိုပါက ယခုဖွင့်လှစ်သည့် ရဲနွယ် ရေလှောင်တမံ အပါအဝင် မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်း တမံပေါင်း ၄၂ ခု ရှိခဲ့ပြီ ဖြစ်ပြီး လယ်မြေဧက ၇၈၅၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိနေပြီဖြစ်ကြောင်း။

တည်ဆောက်ဆဲ စီမံကိန်းငါးခုအနက် ဖြူးချောင်း ရေလှောင်တမံနှင့် ခပေါင်း ရေလှောင်တမံတို့ ပြီးစီးသည့်အခါတွင် လယ်မြေဧက နှစ်သိန်းကို တိုးတက် အကျိုးပြုနိုင်မည်ဖြစ်သကဲ့သို့ စီမံကိန်းနှစ်ခုပေါင်းသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း။

တိုးချဲ့ဖြည့်ဆည်းပေးနိုင်

ဆက်လက်တည်ဆောက်သွားမည့် ဘောဂတရေလှောင်တမံစီမံကိန်းက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၆၀၊ သောက်ရေခပ် ရေလှောင်တမံစီမံကိန်းက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပေးနိုင်ဦးမည်ဖြစ်၍ ပဲခူးတိုင်း၏ လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို သိသိသာသာ တိုးချဲ့ဖြည့်ဆည်းပေးနိုင်မည့် အစီအမံများ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်းကို ဒေသနေပြည်သူများအား အသိပေးပြောကြားလိုကြောင်း။

ဒေသခံပြည်သူများဘက်ကလည်း နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးနေသည့် ဒေသဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ တန်ဖိုးရှိရှိ အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်၊ စက်မှုအခြေခံသည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာအောင်နှင့် စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းများအပါအဝင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးသဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထိထိရောက်ရောက်နှင့် သိသိသာသာ မြှင့်တင်နိုင်စေရန်အတွက် ထွန်ယက်မှု၊ စိုက်ပျိုးမှု၊ ရိတ်သိမ်းမှု၊ ခြွေလှေ့မှုအဆင့်ဆင့်တွင် စက်ကိရိယာအင်အား သုံးစွဲသည့် စက်မှုလယ်ယာစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စက်မှုလယ်ယာစနစ်နှင့် ကျေးလက်သုံး စက်ကိရိယာများ အသုံးပြုမှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည့် ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်သည့် ခါ်စည်းရိုးကြက်ဆူပင်၏ စွမ်းရည်ကို ဖော်ထုတ်ရရှိခဲ့ပြီးဖြစ်၍ ခါ်စည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း တစ်ဆက်တည်း တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ တောင်သူလယ်သမားများ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး၏ စားဝတ်နေရေး၊ စီးပွားရေး ပြည့်စုံဖူလုံစေရအောင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရအောင် ဘက်စုံကဏ္ဍစုံက စီမံဆောင်ရွက် ဖြည့်ဆည်းပေးနေသည့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်ပြီး မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အခြေခံစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာစေရအောင် ရရှိပြီးဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ပြီး တိုးပွားခိုင်ခံ့စေရအောင် ပြည်သူများအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

နွေစပါးအထွက်တိုး

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားရာတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ် အတွင်းတွင် မိုးစပါးအတွက် မိုးရေဖြင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိကြသည့်အတွက် ရေတော်မိုးတော် စပါးများ စိုက်ပျိုးနိုင်ကြသော်လည်း နွေစပါး စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေလိုအပ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရဲနွယ် ဘက်စုံရေလှောင်တမံကြီးကို စေတနာဖြင့် တည်ဆောက်ပေးသည့်အတွက် လယ်မြေဧက ၁၀၀၀၀၀နီးပါးကို ရေပေးဝေ အကျိုးပြုနိုင်မည်ဖြစ်ပြီး နွေစပါး အတွက် ရေကို နောက်ဆံတင်းစရာမလို၊ စိုးရိမ်မကင်းဖြစ်စရာမလိုဘဲ တိုးချဲ့ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ရဲနွယ်ဘက်စုံရေလှောင်တမံသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူကာတည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းစီမံကိန်းများ၏ ၁၈၄ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ ပဲခူးတိုင်းအနေဖြင့် ၄၂ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း၊ ယင်းကိန်း ဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးခဲ့သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများအနက် ပဲခူးတိုင်းတွင် ၂၃ရာခိုင်နှုန်း၊ လေးပုံတစ်ပုံခန့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆည်တမံများ တည်ဆောက်ပေးခြင်းကြောင့် ပဲခူးတိုင်း၏ ယခုနှစ် နွေစပါးစိုက်ဧက ၃၂၁၄၅၇ အနက် ၂၀၂၅၈၄ဧကသည် ဆည်ရေဖြင့် စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးစိုက် စုစုပေါင်း၏ ၆၀ဒသမ၀၂ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ထို့ပြင် ဆည်ရေ သေချာခြင်းကြောင့် မိုးစပါးပြီး ဆောင်းသီးနှံ၊ ပဲမျိုးစုံကိုပါ စိုက်ပျိုးပြီး ပဲသိမ်းပြီးနောက် နွေစပါးကိုပါ ထပ်မံစိုက်ပျိုးနိုင်သည့်အတွက် စပါး၊ ပဲ၊ စပါး တစ်နှစ်သုံးသီး ပြည့်ပြည့်ဝဝ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ပြည်သူ တောင်သူလယ်သမားကြီးများ၏ ကြိုးပမ်းအားထုတ်မှုကောင်းလျှင် ကောင်းသကဲ့သို့ အချိန်တိုကာလအတွင်းတွင် အကျိုးခံစားရသော လုပ်ငန်းဖြစ်ခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် လယ်ယာကုန်ထုတ်စွမ်းအားများ တိုးတက်လာအောင်၊ စိုက်ဧကများ အပြည့်အဝ စိုက်ပျိုးနိုင်အောင်၊ သီးနှံအထွက်နှုန်း ကောင်းလာအောင်၊ သီးထပ်သီးညှပ် စိုက်စွမ်းအားများ မြင့်မားလာအောင်၊ စိုက်ပျိုးရေးဧရိယာများ ပိုမိုများပြားလာအောင် ယခုကဲ့သို့ ဆည်၊ တမံများကို ငွေကုန်ကြေးကျများစွာ အကုန်ခံပြီး တည်ဆောက်ပေးနေသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထို့အပြင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရဲနွယ်ရေလှောင်တမံဖွင့်ပွဲအပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယခု ရဲနွယ်ဘက်စုံရေလှောင်တမံစီမံကိန်းမှ လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ကို ထုတ်လုပ်ပေးမည်ဖြစ်သည့်အတွက် ဒေသခံ ပြည်သူများသာမက နိုင်ငံတော်အတွင်း လျှပ်စစ်မီးအလင်းရောင် လိုအပ်နေသော အခြားမြို့နယ်များကိုပါ မကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး နိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စေတနာကို သဘောပေါက်နားလည်ကြသည့် တောင်သူလယ်သမားကြီးများကလည်း မိုးစပါးအပြင် နွေစပါးနှင့် အခြားသီးနှံများကို မရပ်မနား စိုက်ပျိုးထုတ်လုပ်လာကြခြင်းကြောင့် ဝင်ငွေများ တိုးတက်လာကာ ဆင်းရဲမှုလျော့နည်းကျဆင်းလာပြီး လူနေမှုအဆင့် အတန်း မြင့်မားလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်ဓာတ်အား ရရှိကြတော့မည် ဖြစ်၍ လူမှုရေး၊ ပညာရေးနှင့် စက်မှုကဏ္ဍများတွင် မလွဲဧကန် တိုးတက်လာ မည်ဖြစ်ပြီး လူနေမှုအဆင့်အတန်း မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရေလှောင်တမံများ၊ ရွှေ့လွှဲဆည်များနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေလှောင်တမံများကို စေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသတွင်း စိမ်းလန်းစိုပြည်ခြင်း၊ စိုက်ပျိုးရေရရှိလာ၍ ဒေသဝမ်းစာစပါး ဖူလုံရုံသာမက ပိုလျှံလာမည်ဖြစ်ခြင်း၊ သန့်ရှင်းကောင်းမွန်သည့် သောက်သုံးရေရရှိခြင်း၊ လျှပ်စစ်ဓာတ်အားရရှိလာခြင်း တို့ကြောင့် လူတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုဘဝ တိုးတက် ကောင်းမွန်လာခြင်း စသည့် အကျိုးဆက်များကို ခံစားလာကြရပြီဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အစိုးရက စေတနာအပြည့်အဝဖြင့် စီမံဆောင်ရွက်မှုများကို နားလည်သဘောပေါက်ခြင်းနှင့်အတူ တုံ့ပြန်သောအားဖြင့် ဒေသခံ ပြည်သူလူထုအပေါင်းက ရေလှောင်တမံများ၊ ရေလွှဲဆည်တို့နှင့် ဆက်စပ်လျက်ရှိသည့် ရေပေးမြောင်းများ၊ ရေအားသုံးအဆောက်အအုံများ၊ လျှပ်စစ်မီးလိုင်းများ၊ ပိုင်လွန် (တာဝါ)တိုင်ကြီးများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဌာနဝန်ထမ်းများနှင့်အတူ စေတနာအပြည့်ဖြင့် ပူးပေါင်းကာကွယ် စောင့်ရှောက်သွားကြပါ၊ ရေဝေရေလဲဧရိယာရှိ သစ်တောသစ်ပင်များကို ထာဝရစိမ်းလန်းစိုပြည်ရန် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါ၊ စိုက်ပျိုးဧကများ တိုးပွားလာသကဲ့သို့ သီးနှံအထွက်တိုးအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြပါ၊ ဆည်မြောင်းတာတမံ တူးမြောင်းဥပဒေများ၊ လျှပ်စစ်သုံးစွဲမှုဆိုင်ရာ ဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြပါဟု မှာကြားသွားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ရဲနွယ်ရေလှောင်တမံတည်ရှိသည့် ဒေသတစ်ဝိုက်သည် တစ်ချိန်က တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့် အတိတ်ကာလ၏ ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျတွေ့ကြုံခံစားခဲ့ကြရကြောင်း၊ လက်ရှိကာလတွင် ရဲနွယ်ချောင်းဖျားဒေသ၏ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဒေသခံတောင်သူကြီးများနှင့်နယ်မြေလူထု၏ လူမှုစီးပွားရေးဘဝပိုမို တိုးတက်မြင့်မားစေသော ရေလှောင်တမံကြီး ဖြစ်ထွန်းပေါ်ပေါက်လာပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့်အတူ ထပ်တူဝမ်းသာပီတိဖြစ်မိပါကြောင်း။

မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အားစုကြီး သုံးရပ် ပူးပေါင်းလက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ထောင်ရာတွင် အခြေခံအုတ်မြစ်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးတို့ကိုလည်း အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားကြီးများ အပါအဝင် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် စီးပွားရေးကဏ္ဍကြီး ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၄၁ဒသမ၂ ရာခိုင်နှုန်းအထိ အချိုးအစားကြီးမားစွာ ပါဝင်နေပြီး ပြည်ပပို့ကုန်တန်ဖိုးတွင် ၁၁ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသောစီးပွားရေး လုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လက်တွေ့ကျသောလမ်းစဉ်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် အတွက် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧက၏ အထွက်နှုန်းများ တိုးတက်လာစေရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်လာစေရေး၊ စိုက်စရိတ် ကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေး ကဏ္ဍ၏ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုကာကွယ်ပေးနိုင်ရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲပြီး ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေသဘာဝ အခြေအနေအလိုက် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိကကျသည့် စိုက်ပျိုးရေ ရရှိရေးအတွက် မြန်မာနိုင်ငံ အထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများ၌ အကြီးစား၊ အလတ်စား နှင့် အငယ်စားရေလှောင် တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို လိုအပ်ချက်နှင့်အညီ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌လည်း ရေလှောင်တမံစီမံကိန်းများ၊ ရေထိန်းတံခါး စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ရေအရင်းအမြစ်များအပေါ်အခြေခံပြီး ရေအားလျှပ်စစ်ပါတွဲဖက် ထုတ်လုပ်ပေးနိုင်သည့် ယခုကဲ့သို့ ဘက်စုံစီမံကိန်းကြီးများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေလှောင်တမံစီမံကိန်းသည် လျှပ်စစ်စွမ်းအားကိုပါ ထုတ်လုပ်ပေးတော့မည့် နိုင်ငံတော်၏ ၁၈၄ခုမြောက် ဆည်မြောင်းစီမံကိန်းအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် တွင်းထွက်လောင်စာဆီကို အစားထိုးနိုင်ရန်နည်းလမ်းမျိုးစုံဖြင့် ကြိုးစည်ကြိုးပမ်းလျက်ရှိပါကြောင်း၊ အပင်များကရရှိသည့် ဇီဝဒီဇယ် ထုတ်လုပ်မှုသည်လည်း အရေးပါသည့်ကဏ္ဍတစ်ခုအဖြစ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ခါ်စည်းရိုးကြက်ဆူသည် မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ မြေမရွေးပေါက်ရောက်နိုင်သည့် သီးနှံဖြစ်ကြောင်း။

တောင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရရှိသည့် ကြက်ဆူရိုင်းအဆီနှင့် လယ်ယာသုံးစက်ကိရိယာများကို မောင်းနှင်နိုင်ပြီး စက်မှုစွမ်းအားနှင့် စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်မြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ကျောက်တံခါးမြို့နယ်သည် မိုးရာသီတွင် နှစ်စဉ်မိုးရေချိန်လက်မ ၁၁၀ ရွာသွန်းမှုရှိပါကြောင်း၊ ရဲနွယ်ချောင်းစီးဆင်းရာ စစ်တောင်းမြစ်ရေမြင့်တက်သည့် အချိန်နှင့် မိုးရွာသွန်းသည့်အချိန်ဆုံလိုက်သည့်အခါ ရဲနွယ်ချောင်းရေ မြင့်တက်လာပြီး ကွင်းများအတွင်း ရေနုတ်နိုင်ခြင်းမရှိသည့်အတွက် လယ်မြေများ ရေလွှမ်းမိုးမှုဖြစ်ပေါ်လေ့ရှိကြောင်း၊ ထို့ကြောင့် မိုးစပါးစိုက်ပျိုးမှုသည် အောင်မြင်ဖြစ်ထွန်းရန် အခက်အခဲများဖြင့် ကြုံတွေ့ရလေ့ရှိကြောင်း၊ ယခု ရဲနွယ်ရေလှောင်တမံကြီး တည်ဆောက်ပြီး ရေသိုလှောင်ထိန်းသိမ်းမှု ဆောင်ရွက်လိုက်သည့်အတွက် မိုးရာသီတွင် ကွင်းများရေလွှမ်းမိုးမှုကို ကာကွယ်ပေးပြီး မိုးစပါးများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိုးရာသီကုန်တွင် ရေလှောင်တမံက သိုလှောင်ထားသည့် ဆည်ရေဖြင့် သီးထပ်သီးညှပ်များ တိုးတက်စိုက်ပျိုးနိုင်ပြီး လျှပ်စစ်ဓာတ်အားပါ ထုတ်လုပ်ပေးနိုင်အောင် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခု ရေလှောင်တမံ စီမံကိန်းပြီးစီးမှုကြောင့် ၇ ဒသမ ၁ မိုင်ရှိသည့် တူးမြောင်းမကြီးနှစ်ခုနှင့် ၃၀၉ မိုင်ရှည်သည့် လက်တံမြောင်းများက ဤဒေသရှိ လယ်မြေဧက ၁၁၈၅၀၀၌ ပထမတစ်သီး မိုးစပါး၊ ဒုတိယသီးနှံ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ တတိယသီးနှံ နှမ်း၊ ဟင်းသီး ဟင်းရွက်တို့ဖြင့် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း။

ယခုရေလှောင်တမံကို နိုင်ငံတော်က ငွေကျပ် ၁၆၁၆၅ သန်း အကုန်အကျခံပြီး စက်အား၊ နည်းပညာအားများဖြင့် ဒေသခံတောင်သူများ၏ အကျိုးစီးပွားခံစားရအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရေလှောင်တမံကြီးသည် တမံအမြင့် ၂၅၁ ပေနှင့် တမံအလျား ပေ ၁၀၅၀ ရှိပြီး ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၀၀ရှိကြောင်း၊ ပင်မတမံနှင့် ခုနစ်မိုင်အကွာတွင် အလျား ၉၉ ပေ၊

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖

✲ စာမျက်နှာ ၁၂ မှ

အမြင့် ၁၇ ဒသမ ၅ ပေရှိသည့် ၁၀ ပေ ၁၅ ပေ ရေထိန်းတံခါးငါးပေါက်ပါ ရေလွှဲဆည်ကိုလည်း တည်ဆောက်ထားကြောင်း။

ယခု ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ငါးနှစ်အတွင်းပြီးမြောက်အောင်မြင်အောင် ကြီးကြပ်စီမံအကောင်အထည်ဖော်ပေးကြသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနစသည့် အဖွဲ့အစည်းများနှင့်တကွ မိမိတို့ကိုယ်ပိုင်အင်ဂျင်နီယာအတတ်ပညာများဖြင့် စီမံဆောင်ရွက်ပေးကြသည့် ဝန်ထမ်းများလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ဤရေလှောင်တမံသည် သားစဉ်မြေးဆက် အကျိုးခံစားသွားနိုင်မည်ဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဒေသခံပြည်သူများကိုယ်စား ကျောက်တံခါးမြို့နယ်မှ ဦးကျော်ဆန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန် ကျရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရဲနွယ်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့က ရဲနွယ်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံတာပေါင်၊ ရေထိန်းတံခါးနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရိုတာ၊ တာဘိုင်ရှပ် ဟက်ကာဘာ တပ်ဆင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှုရပ်မှနေ၍ ရဲနွယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရဲနွယ်ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းတို့က ရဲနွယ်ရေလှောင်တမံ၏ ပင်မလုပ်ငန်းကြီးငါးရပ်ဖြစ်သည့် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရဲပိုလွှဲအမှတ်(၁)နှင့်(၂) တည်ဆောက်ခြင်း လုပ်ငန်း၊ ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်း တို့နှင့်စပ်လျဉ်း၍ ဗွီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး လက်ရှိဆည်ရေဝင်နေမှု အခြေအနေနှင့် ရေလှောင်တမံဝန်းကျင်တွင် စားပင်သီးပင်များနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူးဦးမော်သာထွေးက ဖိအားမြှင့်သံမဏိ ပိုက်လိုင်းများ ကွန်ကရစ်လောင်းပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံဆောက်လုပ်နေမှု၊ ဓာတ်အားပေးစက်ရုံနှင့် ဆွစ်ယာဒ်တည်ဆောက်ပြီးစီးမှု၊ ဆွစ်ယာဒ်မှဓာတ်အားခွဲရုံသို့ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှု စသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်က ရဲနွယ်ရေအားလျှပ်စစ် စီမံကိန်းသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်နေသည့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအနက် စီမံကိန်းတစ်ခုဖြစ်ပုံ၊ ရေလှောင်ကန်မှ ရေအားအမြင့်ကိုရယူ၍ လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ်ထွက်ရှိအောင် စက်များတပ်ဆင်လျက်ရှိပုံ၊ ပြည်ပမှ မှာယူထားသော ပစ္စည်းများ မရရှိသေးမီ အချိန်အလဟဿမဖြစ်စေရန် မိမိတို့လက်ဝယ်ရှိ ပစ္စည်းများဖြင့် တပ်ဆင်လုပ်ကိုင်လျက် ရှိပုံ၊ ဓာတ်အားပေးစက်ရုံ၏ ပထမစက်တစ်လုံးကို ယခုနှစ်ဧပြီလကုန်တွင်လည်းကောင်း၊ ဒုတိယစက်တစ်လုံးကို မေလကုန်တွင်လည်းကောင်း လည်ပတ်နိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပုံတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရဲနွယ်ချောင်းသည် ရေစီးသန်သော ချောင်းဖြစ်ပြီး ရေလှောင်တမံ၏ မြေသားအမျိုးအစားမှာ သဲဆန်ပြီး မြေပွအမျိုးအစားဖြစ်၍ ရေလှောင်တမံတာရှည်ခိုင်ခံ့အောင် အထူးဂရုပြုရန်လိုကြောင်း၊ တမံမှရေစိမ့်ယိုခြင်း ရှိမရှိကို မပြတ်စစ်ဆေးရန်နှင့် မိုးတွင်းကာလတွင် အထူးဂရုပြုစစ်ဆေးရန် လိုကြောင်း၊ ပျက်စီးမှုများတွေ့ရှိပါက ချက်ချင်းပြုပြင်ခြင်းဖြင့် တမံရေရှည်တည်တံ့ခိုင်မြဲစေရေးကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ ရေလှောင်တမံလုပ်ငန်း ပြီးစီးပါက စိုက်ပျိုးရေပေးဝေသည့် ရေမြောင်းများကို ဆက်လက်ဖော်ထုတ်သွားရန်လိုကြောင်း၊ ရဲနွယ် ရေလှောင်တမံတွင် ပင်မမြောင်းအရှည် ၁၁ မိုင်နှင့် ရေသွယ်မြောင်းများမှာ ၃၀၉မိုင်ရှည်လျားမည်ဖြစ်ရာ ရေပေးဝေခြင်းကို မြောင်းများအားလုံးပြီးစီးသည်အထိ မစောင့်ဘဲ ပြီးစီးမှုအတိုင်းအတာအလျောက် စိုက်ပျိုးရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လျှပ်စစ်စီမံကိန်းအပိုင်းကလည်း လုပ်ငန်းများအမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ရည်မှန်းသည့်အတိုင်း တာဘိုင်စက်တစ်လုံးကို လာမည့် ဧပြီလနှင့် ကျန်တစ်လုံးကို မေလတွင် ပြီးစီးအောင် တပ်ဆင်ပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို စောနိုင်သမျှစောစွာ ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကျောက်မြောင်းအရှေ့ မြို့သစ်(၁)လမ်း ဓမ္မပူဇာပွဲ

ရန်ကုန် မတ် ၂၂

တာမွေမြို့နယ်၊ကျောက်မြောင်းအရှေ့မြို့သစ်(၁)လမ်းတွင် မတ်၂၈ရက်၌ အရှင်ခေမာသီရိလင်္ကာရ(ရွှေပြည်ဟိန်းဆရာတော်)၊မတ်၂၉ရက်၌အရှင်သီရိန္ဒာဘိဝံသ-တိပိဋကရေ(ယောဆရာတော်)၊ မတ် ၃၀ရက်၌ အရှင်အာစာလင်္ကာရ-၁၀ဘွဲ့ရ(စစ်ကိုင်း ရွှေဟင်္သာဆရာတော်)တို့က ညစဉ်၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် မတ်လအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့)

(၂၆-၃-၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် ဧပြီလအတွက်

(၉-၄-၂၀၀၆)ရက်နေ့နှင့်

(၃၀-၄-၂၀၀၆)ရက်နေ့

မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မင်းလှဓမ္မရိပ်သာကျောင်း၌ ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားများကို အခြေခံမှစ၍ ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ မတ် ၃၁ ရက် နောက်ဆုံးထား၍ ရိပ်သာဖုန်း-၅၄၀၂၈၉ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိုင်တီပညာဖွံ့ဖြိုးရေး ဟောပြောမည်

ရန်ကုန် မတ် ၂၂

ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ Game Programming နှင့် Programmerများ၏ အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၂၅ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ အဆောင်(၄) အခန်း (၄) မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း၌ TAG Training Centre မှ Executive Director ဦးနန္ဒရဲအောင်က ဆွေးနွေးဟောပြောမည်ဖြစ်သည်။

စိတ်ပါ ဝင်စားသူ မည်သူမဆို တက်ရောက်နားထောင် ဆွေးနွေးနိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ဖြူဟွမ်စိုက်ရုံဓမ္မရောင်ခြည် မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၂၂

မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် ကရဏာပိုင်း ဖြူဟွမ်စိုက်ရုံဓမ္မာရုံ၌ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ(၄၀)၏ ဒုတိယအကြိမ် ဓမ္မသဘင်အဖြစ် မတ်၂၄ရက်နှင့် ၂၅ရက်တွင် မိုးကုတ်နယ်လှည့်ဓမ္မကထိက ညောင်ပင်သာဆရာတော် အရှင်မာလာစာရ (ဓမ္မာစရိယ)နှင့် မတ်၂၆ရက်တွင် မိုးကုတ်နယ်လှည့်ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ (ဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ်တရားနာယူနိုင်ကြောင်းသိရသည်။ (က-ပ)

အောင်စေတီ သာသနာ့ဗိမာန် ဆရာတော်ကြီး သိက္ခာထပ်၊ မွေးနေ့မင်္ဂလာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း (၁၀)မိုင်ရှိ အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တစတိလ၏ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၆)ဝါ ပြည့်မြောက်သော သိက္ခာထပ်မွေးနေ့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ အောင်စေတီသာသနာ့ဗိမာန်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၉ နာရီတွင် သိမ်ဆင်းမည်ဖြစ်၍ တက်ရောက်ကြည်ညိုလှူဒါန်း နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စစ်တွေကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်ရောက် စစ်တွေကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ရက်တွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူဟောင်းများနှင့် ဆရာ၊ ဆရာမများအနေဖြင့် ဦးဦးစောသိန်း ဖုန်း-၂၉၈၁၉၆၊ ဦးလှမြင့် ဖုန်း-၀၉ ၅၀၀၂၈၃၁၊ ဦးဇော်အေးမောင် ဖုန်း-၀၉ ၉၉၂၂၀၅၇၊ ဒေါ်လှသာစိန် ဖုန်း-၂၄၃၉၀၂၊ ဒေါ်ကျော့မြခင် ဖုန်း-၃၈၅၆၆၉၊ ဒေါ်တင်မြင့်ခိုင် ဖုန်း-၃၈၆၈၉၁၊ ကိုသာထွန်းလှ ဖုန်း-၇၂၁၇၂၈၊ ဒေါ်ခင်မာနု ဖုန်း-၂၈၅၁၉၃၊ ဒေါ်လီလီဇော ဖုန်း-၂၄၆၀၀၇နှင့် ဦးညီအေး ဖုန်း-၂၄၂၀၀၉ လိုင်းခွဲ၆၄၉တို့ထံ ဆက်သွယ်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၆ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ မြန်မာ့ပုလဲလေလံပွဲ
- ၇း၁၅ သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့သွားရောက်လေ့လာခြင်း)
- ၇း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၇း၄၅ တေးဂီတအစီအစဉ်
- ၇း၅၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ
- ၇း၅၅ မပြောမပြီးမတီးမမြည် (AIDS)(နေရဲလင်း၊မိုးဇော်၊ မောင်မောင်မြင့်၊ရှင်ဖုန်း၊ သိမ့်ချယ်၊နိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၈း၁၅ မိုးလေဝသခန့်မှန်းချက်
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ အာဟာရနှင့်ကျန်းမာရေး
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၀၀ ဝါသနာရှင်စင်မြင့်
- ၉း၃၅ အလှတွင်အယဉ်ဆင့်အမြင်တင့်ဖွယ်နည်းပညာ အသွယ်သွယ်
- ၉း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ ရှုချင်စရာမျက်လှည့်ပဒေသာ
- ၁၀း၁၅ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
- ၁၀း၂၅ တေးဂီတအစီအစဉ်
- ၁၀း၃၀ ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာ ခင်မောင်ညို)
- ၁၀း၅၅ တေးဂီတအစီအစဉ်
- ၁၁း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၀ ကြမ်းခင်းတုံးထုတ်လုပ်မှုလုပ်ငန်း
- ၁၀း၂၅ တေးဂီတအစီအစဉ်
- ၁၀း၃၀ အာဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ အထွက်ကောင်း၊ အရည်အသွေးကောင်း မှော်ဘီ(၃)စပါးမျိုးသစ်
- ၁၁း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ **ကာတွန်းအစီအစဉ် ပါကဲ့ (အပိုင်း-၂၅)**
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း-၂၆)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် သားကောင်းမိခင် (အပိုင်း-၁)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပါကစ္စတန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၆ ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှောကတ်အဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၂၃-၃-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ရဲနွယ်ရေလှောင်တမံဖွင့်ပွဲ ကျင်းပ လယ်မြေဧက ၁၁၈၅၀၀ နှင့် သီးနှံစိုက်ဧက ၂၃၇၀၀၀ စိုက်ပျိုးရေပေးဝေနိုင် ဒေသနေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ၂၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်

ရန်ကုန် မတ် ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်ခဲ့သော ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✪

ရဲနွယ်ရေလှောင်တမံ

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ဆောင်းပါး၊ ကဗျာ အညွှန်း

▶ *မြန်မာ့တပ်မတော်သားတို့၏ စွမ်းရည်နှင့် လုပ်ဆောင်ချက်တို့သည် နိုင်ငံနှင့်လူမျိုးအကျိုးအတွက်ဆိုပါက အစဉ်အမြဲ ထက်မြက်၊ သွက်လက်၊ မြင့်မားနေမည်သာ ဖြစ်ပါသည်။ တပ်မတော်သားတို့သည် အမျိုးသားရေးကို မည်သည့်အချိန်အခါတွင်မျှ သစ္စာဖောက်မည်မဟုတ်ဘဲ အမြဲတမ်း သစ္စာစောင့်သိစွာဖြင့် တာဝန်ကို အောင်မြင်ပြီးဆုံးသည်အထိ အသက်ပေး ထမ်းဆောင်သွားမည့်သူများလည်း ဖြစ်ကြပါသည်။*

မြင့်သိန်းအောင်၏ **"ဂုဏ်ပြုအပ်ပါသည်"** (ဆောင်းပါး)

(စာမျက်နှာ-၆-၇)

* မြင်းမူမောင်နိုင်မိုး၏ **"မတ်လ နွေပန်းချီ"** (ကဗျာ)

(စာမျက်နှာ-၇)